မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သော မဂ်ကို ပြီးစီးစေရာ၏။ ဓမ္မပဒ



# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ



ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၁၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



## စလင်းမြို့နယ်တွင် စားသုံးဆီဖူလုံရေး သီးညှပ်စိုက်ပျိုးသည့် မိုးမြေပဲများအောင်မြင်ဖြစ်ထွန်း

စလင်း ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် အင်ကြင်းပင်လှကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသအသီးသီးတို့တွင် စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ စားသုံးဆီထွက်သီးနှံဖြစ်သည့် မိုးသီးနှံမြေပဲကို သီးထပ်၊ သီးညှပ်အဖြစ် မြေပဲနှစ်တန်း၊ ပဲစင်းငုံတစ်တန်း စိုက်ပျိုးလုပ်ကိုင်ကြရာ ယခုအခါ မိုးမြေပဲများ အောင်မြင်ဖြစ်ထွန်းကြောင်း မြေပဲစိုက်တောင်သူ ဦးမြင့်အောင်ထံမှ သိရသည်။

စာမျက်နှာ ၇ ကော်လံ ၄ ◆


## အထူးမိုးလေဝသသတင်း

### မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ်လ ၁၁ ရက်မှ ၁၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

စာမျက်နှာ ၁၆ ကော်လံ ၃ ➲





ဆောင်းပါး

လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေသော စားသောက်မှုပုံစံ စာ - ၈ သို့

မြေလျှိုးမိုးရေ စာ - ၁၁ သို့

နိုင်ငံတော်ဖွံ့ဖြိုးရေး ဘက်စုံပညာရေးကို အားပေးစို့ စာ - ၁၂ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၁ ရက်)

## အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်စွမ်းဆောင်မှု

မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ဆော်ဒီအာရေဗျနိုင်ငံ၌ ဇူလိုင်လ ၂၅ ရက်မှ ဩဂုတ်လ ၃ ရက်အထိကျင်းပခဲ့သည့် 2025 Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိကြောင်း သတင်းမှာ နိုင်ငံအတွက်ဝမ်းသာဂုဏ်ယူဖွယ်ကောင်းသည့်သတင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့**ဆိုသည်နှင့်အညီ ပညာရေးကိုအားပေးလျက်ရှိရာ ပညာရေးနှင့်ဆက်စပ်သည့် အားကစားအောင်မြင်မှုများရရှိခြင်းကို ပြည်သူများက ဝမ်းသာအားရကြိုဆိုလျက်ရှိကြသည်။

Yangon Galacticos အသင်းသည် ဩဂုတ်လ ၇ ရက်မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ တာဝန်ရှိသူများနှင့်ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပထမဆုံးအကြိမ် Esports အမျိုးအစား ၂၅ မျိုးကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲသည် နိုင်ငံတကာပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှလက်ရွေးစင်အသင်းပေါင်း ၁၀၀၀ ကျော်တွင် ပရော်ဖက်ရှင်နယ်ကစားသမား ၅၀၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos အသင်းသည် အိမ်ရှင်ဆော်ဒီအာရေဗျ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ တူကီယဲ၊ အီဂျစ်၊ ဘရာဇီး စသည့်လက်ရွေးစင်နိုင်ငံ ၁၆ နိုင်ငံမှ ထိပ်သီး ၂၄ သင်းနှင့်ယှဉ်ပြိုင်ခဲ့ရသည်။ Grand Final ၌ တရုတ်နိုင်ငံနှင့်မွန်ဂိုလီးယားနိုင်ငံမှအသင်းတို့ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစား၍ ပွဲစဉ်တိုင်းတွင် အမှတ်အမြင့်ဆုံးဖြင့်အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ချန်ပီယံဆုကြေးငွေအမေရိကန်ဒေါ်လာ ၅၅၀၀၀၀ ဆွတ်ခူးရရှိခဲ့သည်။

အလားတူ MLBB MSC Esports World Cup-2025 ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ Mythic SEAL အသင်းသည် ကမ္ဘာ့အဆင့် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ဆုကြေးငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရရှိခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံမှ မြန်မာအမျိုးသမီးအသင်းဖြစ်သည့် Terror Queen အသင်းကလည်း MLBB MSC Esports World Cup-2025 Mobile Legends: Bang Bang-Women's Invitational (MWI) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်တတိယဆုရရှိကာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရရှိခဲ့သည်။ Esports ကမ္ဘာ့ဖလား၂၀၂၅ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ကမ္ဘာ့နိုင်ငံများမှ ပရော်ဖက်ရှင်နယ်ကစားသမားများကိုကျော်ဖြတ်၍ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ကို ၂၀၁၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဆီးဂိမ်းမှစတင်ကာ ၂၀၂၁ ခုနှစ် ဗီယက်နမ်ဆီးဂိမ်း၊ ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားဆီးဂိမ်းတို့တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် အာရှဂိမ်းပြိုင်ပွဲတွင် အာရှအဆင့်နံပါတ် ၅ တွင်ရပ်တည်ခဲ့သည်။ ကမ္ဘာ့အဖွဲ့ချုပ်ကကျင်းပသည့် World Esports Championship (WEC)ပြိုင်ပွဲ Dota 2 ဂိမ်းကစားနည်းတွင် ကမ္ဘာ့အဆင့် ၂ အဖြစ်အောင်မြင်မှုရရှိခဲ့သည်။

မြန်မာလူငယ်များ၏စွမ်းရည်မှာ ကမ္ဘာ့အဆင့်မီလေပြီ။ မြန်မာလူငယ်တို့သည် ကြိုးစားလျှင် ကြိုးစားသလောက်အောင်မြင်မှုရရှိကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို အထူးအားပေးဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းမှာ နိုင်ငံနှင့်လူမျိုးအတွက်ဂုဏ်ယူဖွယ်ဖြစ်သည်။ ကမ္ဘာ့အဆင့်ရှိသောအသင်းများကို ကျော်ဖြတ်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုဖလားကြီးကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ လူငယ်များ၏စုပေါင်းစွမ်းဆောင်ရည်သည် မှတ်ကျောက်တင်ခံနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့အရည်အချင်းကို ကမ္ဘာ့အလယ်တွင် ချပြနိုင်ခဲ့မှုအတွက်လည်းဂုဏ်ယူသည်။

မည်သည့်အသင်းအဖွဲ့မဆို မိမိအသင်းအတွက် အောင်မြင်မှုရရှိအောင် ကြိုးစားမည်ဟူသောစိတ်ဓာတ်ထားရှိကြရမည်ဖြစ်သည်။ နည်းပြများ၏သင်ကြားမှုနှင့်တာဝန်ရှိသူများ၏ ပြောဆိုဆုံးမမှုကို တစ်သဝေမတိမ်းလိုက်နာလုပ်ဆောင်ခြင်းမှာ အောင်မြင်မှုအဓိကအခြေခံဖြစ်သည်။ အသင်းတစ်သင်းအတွက်ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးနှင့်တစ်ဦးအပေါ်တစ်ဦး ဖေးမကူညီဆောင်ရွက်ခြင်းမှာလည်း အောင်မြင်မှုလမ်းစဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံကိုယ်စားပြုအားကစားများအောင်ပွဲရ၍ မိမိတို့နိုင်ငံတော်အလံကိုအလေးပြုသည့်မြင်ကွင်းမျိုးကို မြင်တွေ့လိုကြသည်။ အားကစားသမားတိုင်းအတွက်လည်း နိုင်ငံ့ဂုဏ်ဆောင်ဆုကိုရရှိပြီး နိုင်ငံတော်အလံကို လွှမ်းခြုံခွင့်ရသည့်ပီတိမျိုးမှာ အလွန်ပင်ကြည်နူးဝမ်းသာဖွယ်ဖြစ်သည်။

မြန်မာလူငယ်များသည် မလျှော့သောဇွဲ၊ စိတ်အားထက်သန်မှု၊ ကြံ့ခိုင်မှု၊ ကျွမ်းကျင်ထက်မြက်မှု၊ စည်းစနစ်ကျမှု၊ ယုံကြည်မှုအပြည့်ဖြင့် ဘက်စုံထောင့်စုံကြိုးစားခဲ့ကြသည်။ ဤကဲ့သို့ ဟန်ချက်ညီညီပါဝင်ဆင်နွှဲနိုင်ခဲ့သည့်အတွက်ကြောင့် Yangon Galacticos(YG) အသင်းသည် Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပေရာ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်စွမ်းဆောင်မှုအား ကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီးတာဝေးအပြေးပြိုင်ပွဲကျင်းပမည်

ပဲခူး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီးတာဝေးအပြေးပြိုင်ပွဲကို ဩဂုတ်လ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအား ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှေ့မှစတင်ကာ နံနက် ၆ နာရီတွင် တာလွှတ်မည်ဖြစ်ပြီး အမျိုးသားများအနေဖြင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှေ့မှ ပဲခူး-ရန်ကုန်ကားလမ်းရှိ ပဲခူးတက္ကသိုလ်အနီးဘုရင့်နောင်မင်းတရားကြီးရုပ်တုတွင် ပြန်လှည့်ကာ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှေ့တွင် ပြန်လည်ပန်းဝင်ရောက်ရမည်ဖြစ်သည်။

အမျိုးသမီးများအနေဖြင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှေ့မှ ပဲခူး-ရန်ကုန်ကားလမ်းရှိ ကျိုက်ပွန်ဘုရားရှေ့မှပြန်လှည့်ကာ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှေ့တွင် ပြန်လည်ပန်းဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲအား မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

(၄၁၀)

## MWD Education, Knowledge & Sports Channel

၁၁-၈-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၃၉ | Grade - 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၄၀ | Grade - 6 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၄၀ | - | ၁၈:၀၈ | Grade - 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၀၈ | - | ၁၉:၁၂ | Grade - 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၉:၁၂ | - | ၂၀:၄၀ | Grade - 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲလျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့



ကန့်ဘလူ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ မြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ ၅၁၉၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်ရှိ တောင်သူများသည် မိုးသီးနှံမြေပဲကို သီးသန့်စိုက်ခင်းများဖြင့်လည်းကောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများနှင့်ရော၍ သီးညှပ်စိုက်ခင်းများဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိကြသည်။

မိုးသီးနှံမြေပဲကို ကန့်ဘလူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဇူလိုင်လအတွင်း စိုက်ပျိုးပြီးစီးခဲ့ပြီး အဆိုပါမိုးသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံများ ဆက်လက်စိုက်ပျိုးမည်ဖြစ်သည်။

အဆိုပါမြေပဲများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့်မြေပဲမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲနိုင်ရေးနှင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပံ့ပိုးပေးခြင်းနှင့် သွင်းအားစုပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံမြေပဲကို ၅၁၅၈၆ ဧက လျာထားစိုက်ပျိုးရာ ၅၁၉၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ၃၄၅ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် မြေပဲအပြင် နှမ်းနှင့်နေကြာတို့ကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

# မင်္ဂလာဒုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့(အကြို)လူငယ်ရေးရာ အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၀

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်အဖြစ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာတိုးပွားလာစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဩဂုတ်လ ၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရွှေဦးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလနှင့်စာရိတ္တဗလဟူသည့် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် အသိပညာပေးပြောကြားသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က လူငယ်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ဆောင်ပုဒ်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားအခြေပြုပြီး အသိပညာဗဟုသုတများတိုးပွားလာစေရန်၊ လူငယ်များအနေဖြင့် အတွေးအခေါ်၊ အယူအဆများ မှန်ကန်လာစေရန်နှင့် မြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အသိပညာပေးဟောပြောခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သပြေညိုပညာဒါနအကျိုးဆောင်အသင်း အတွင်းရေးမှူး ဦးနေဆန်းက လူငယ်နှင့် E-စီးကရက်အန္တရာယ်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာငွေစိုး(ရွှေကြန့်မြေ)က လူငယ်များနှင့် ရသခံစားမှုအနုပညာ၊ မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသီဟဘော်ဇံက လူငယ်များနှင့်အင်တာနက်ပေါ်မှ သတင်းအမှားများ၏အန္တရာယ်ခေါင်းစဉ်များဖြင့် အသီးသီးဟောပြောကြသည်။

ယင်းနောက် အမှတ်(၄)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ Grade-12 ကျောင်းသား၊ ကျောင်းသူများအား သိမှတ်စွမ်းရည်မေးမြန်းခြင်းပြုလုပ်ခဲ့ပြီး ပါဝင်ဆွေးနွေးသူများကို ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သုတ/ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန့်က လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မင်းသိန်းထွန်း**

---

# ဩဂုတ်လပထမပတ် တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင်ရေ သုံးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၈၆၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေသုံးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဩဂုတ်လ ၄ ရက်မှ ၈ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်း ငွေကျပ် ၈၆၃၀၀၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၉၄၄၄ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၂၁၁၀၃၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၅၇၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အစောင်ရေ ၄၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၄၃၃၄၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၄၁၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အစောင်ရေ ငါးပုံတစ်ပုံခန့်အထိ အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၇၁၅၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၉၇၁၃၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၉၉၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၉၉၀၉၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၈၁၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အစောင်ရေထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၀၆၃၂၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၅၇၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၇၃၁၂၂၅၀ တန်ဖိုးရှိစတော့ရှယ်ယာ ၂၁၈၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အစောင်ရေလေးပုံသုံးပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၅၈၀၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၉၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အစောင်ရေ လေးပုံသုံးပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း အများပိုင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီငါးခုမှာ အရောင်းအဝယ်မြင့်တက်ခဲ့သော်လည်း ကျန်ကုမ္ပဏီသုံးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၁၀၀၀ ကျော် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ဘော်ဘီကိုခေါ်ခဲ့၍ ဇိမ်ရှိပုံမှာ တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် စာအုပ်တစ်အုပ်၊ လက်ဖက်ရည်ကြမ်းဘူးနှင့် စားစရာခပ်များများယူလာခဲ့၍ ချောင်းတစ်ခုအနီး အရိပ်ကောင်းသောသစ်ပင်ကြီးအောက်တွင် တစ်နေ့လုံး အချိန်ဖြုန်းတတ်လေသည်။ ထိုသို့သောနေ့မျိုးတွင် ကျွန်ုပ်တို့သည် စားစရာများကို နှစ်ထပ် သုံးထပ် စားလိုက်၊ ရေချိုးလိုက်၊ ဘော်ဘီကိုခေါင်းအုံးပြီး တစ်ရေးတစ်မောအိပ်လိုက်၊ စာဖတ်လိုက်၊ ရေတစ်ထပ်ဆင်း၍ချိုးလိုက် စသည်ဖြင့် တစ်နေ့ပတ်လုံး အနားယူတတ်ကြရာ နေဝင်ခါနီးတွင် အိမ်သို့ပြန်ရောက်တတ်ကြလေသည် . . ."

**ယမန်နေ့မှအဆက်**

ခရီးအဆုံး၌ ကျွန်ုပ်တို့သည် သစ်ပင်ရိပ်ကောင်းကောင်းတွင်ထိုင်၍ နံပြား သို့မဟုတ် ပေါင်မုန့်နှင့် ပဲကြက်သားဟင်းတို့ကို မြိန်ရှက်စွာစားသောက်ကြရာ ကျွန်ုပ်သည် ဦးခေါင်းတမော့မော့နှင့် မျှော်လျက်ရှိသော ဘော်ဘီကိုမြင်ရ၍ ပြီးအောင်မစားနိုင်ဘဲ တစ်ချက်တစ်ချက်တွင် သူ့ဘက်သို့ တစ်ဖဲ့တစ်ဖဲ့ ပစ်ပေးလိုက်ရသေးသည်။ သူ့အတွက် အပိုပါ၍ ကျွန်ုပ်တို့စားပြီးခါမှ ကျွေးနိုင်သည်မှန်သော်လည်း ၁၂ မိုင်၊ ၁၃ မိုင် ခရီးကို ဘိုင်စကယ်မီအောင် ပြေးလိုက်ခဲ့ရသောဘော်ဘီသည် ကျွန်ုပ်တို့ထက် ဆာပေလိမ့်မည်ဟုသတိရ၍ ကျွန်ုပ်တို့နှင့် တစ်ချိန်တည်း ကျွေးရမှ ကျေနပ်နိုင်ပါသည်။ စားသောက်ပြီးကြ၍ သစ်ပင်အောက်၌ တစ်ရေးတစ်မောအိပ်ကြသောအခါ ဘော်ဘီသည် ကျွန်ုပ်၏ခေါင်းအုံးဖြစ်၏။ ကာဘော်လစ်ဆပ်ပြာနှင့်ရေချိုးပေးပြီး နေ့စဉ် Brush ဖြင့် ဖြီးပေးထားသည့် ဘော်ဘီဖြစ်၍ ရွံစရာမရှိပါ။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်ကတော့ မရွံပါ။ ကျွန်ုပ်သည် အပေါ်ဝတ် ဘလေဇာကုတ်အင်္ကျီကိုချွတ်၍ ဘော်ဘီ၏ ဝဖြိုးဖောင်းအိသော ကိုယ်လုံးကြီးပေါ်သို့တင်ပြီးလျှင် ခေါင်းအုံးသဖွယ်အသုံးပြုလေရာ ဘော်ဘီသည် မလှုပ်မရှား ငြိမ်သက်စွာဝပ်လျက်ရှိ၏။ တစ်ခါတစ်ရံ ကျွန်ုပ်သည် နာရီဝက်ကျော်ကျော်မျှ တကယ်အိပ်ပျော်သွားသော်လည်း ဘော်ဘီသည် ယားယံ၍ ကုတ်ခြစ်ခြင်း၊ လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်စွာဝပ်နေ၏။ ခွေးချစ်တတ်သည့်မည်သူမဆို ဘော်ဘီ၏အပြုအမူကိုမြင်ရလျှင် မချစ်ဘဲနေနိုင်လိမ့်မည်မဟုတ်ပေရာ သူ၏မြေးလေးများကိုမျှ ယုယပိုက်ထွေးပြုလုပ်ဖို့ သတိရဟန်မရှိသော ဦးထင်ကမူ ဘာမျှမပြော၊ မသိမမြင်သကဲ့သို့ ခပ်အေးအေးနေတတ်လေသည်။ အိပ်ရာမှ နိုးလာသောအခါတွင် ကျွန်ုပ်တို့သည် ခရီးအဆုံး၌ တွေ့ရတတ်သော မြစ် သို့မဟုတ် ချောင်း သို့မဟုတ် မူးမြောင်း စသည်တို့၌ ရေချိုးကြလေရာ ဘော်ဘီလည်း အပန်းဖြေရေချိုးရှာသည်။ တစ်နေ့သ၌ ကျွန်ုပ်တို့သည် အင်းဝတံတားပျက်ကြီး အစွန်းတစ်ဖက်၌ စားစရာများစား၍ ရောဝတီမြစ်ထဲသို့ ဆင်းကာ ရေကူးကြပြီးနောက် ၁၀ နာရီကျော်ကျော်လောက်တွင်တံတားမှဆင်းလာကြ၏။ အင်းဝတံတားကြီးမှဆင်းလာသောလမ်းမှာ အလွန်မတ်စောက်၍ ဘရိတ်ထိန်းပြီး သတိနှင့်ဆင်းကြရ၏။ လမ်းခုလတ်သို့ရောက်သောအခါ တံတားဘက်သို့တက်လာသော လော်ရီကားကြီးများနှင့် ဆုံမိကြရာတွင် ဦးထင်သည် ဘရိတ်ချော်သွားလေသလောမသိ။ လမ်းဘေးတွင် လဲပါလေသည်။ ပွန်းပဲ့ရုံမှတစ်ပါး အထိအခိုက်မရှိသော်လည်း ဦးထင်မှာ ဘိုင်စကယ်မစီးနိုင်တော့သည်ဖြစ်၍ ဘတ်စကားဖြင့် တင်လွှတ်လိုက်ရ၏။မောင်နေဝင်းသိရလျှင် ဘာပြောဦးမည် မဆိုနိုင်ချေ။ ထိုနေ့မှစ၍ ဦးထင်၏အိမ်သားများသည် ဦးထင်အား ဘိုင်စကယ်စီးခွင့်မပြုဘဲ အတင်းပိတ်ပင်တားမြစ်ကြလေတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ စိတ်တူသဘောတူ အဖော်ကောင်းတစ်ယောက် လက်လွှတ်သွား၍ နောက်နောင်တွင် ဘော်ဘီနှင့် ကျွန်ုပ်သာ ခရီးထွက်ကြရပါတော့သည်။

**အတင်းလိုက်လာခြင်း**

စနေနေ့များ၌ ထိုကဲ့သို့ ဘိုင်စကယ်နှင့် ခရီးရှည်ထွက်ရာတွင် အသွားအပြန် ၂၅ မိုင်၊ မိုင် ၃၀ ခန့်ပေါက်ရောက်သည်ချည်းဖြစ်၏။ ဦးထင်လိုက်သောအခါများ၌ ကျွန်ုပ်သည် ဘိုင်စကယ်စီးဖို့ အကျင့်နည်းသော ဦးထင်ကိုစောင့်ရခြင်းကြောင့် ခပ်မှန်မှန်လေးသာ နင်းရ၏။ ကျွန်ုပ်၏စိတ်ကြိုက်မှာမူ တစ်ချက်တစ်ချက်တွင် ခပ်သုတ်သုတ်လေးနင်းပြီး ချွေးထွက်အောင်လုပ်ချင်၏။ သားမယားများက စိုးရိမ်ကြီးပြီး ခွင့်မပြုကြသဖြင့် ဦးထင် မလိုက်ရသောအခါ၌ကား ကျွန်ုပ်သည် မှန်မှန်တစ်ခါ၊ ခပ်မြန်မြန်တစ်လှည့် နင်းခွင့်ရသည့်အတိုင်းပြုလုပ်ရ၍ ကျေနပ်သော်လည်း ဘော်ဘီကတစ်ဖက်ရှိနေပြန်သည်။ ခရီးရှည်ရသည့် အထဲတွင် တစ်ချက်တစ်ချက်၌ အပြေးကြီးလိုက်ရခြင်းဖြစ်သောကြောင့် သူ့ခမျာ အတော်ပင်ပန်းရှာသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဘော်ဘီကို အခေါက်တိုင်းမခေါ်ဘဲ မြန်မြန်စီးလိုသောအခါများတွင် ထားပစ်ခဲ့ရ၏။ သို့ရာတွင် သူ့ကိုထားခဲ့ဖို့ မလွယ်ကူ၊ အတင်းလိုက်ချင်၏။ သို့ဖြစ်၍ မစိုးအား ဘော်ဘီ၏ လည်ပတ်ကိုကိုင်ထားစေ၍ ကျွန်ုပ်က ဘိုင်စကယ်နှင့် ထွက်မည်ပြုသည့်အခါ အတင်းရုန်းကန်သည်နှင့် ဘိုင်စကယ်မှဆင်းပြီး သူနားလည်အောင် ငေါက်၍ ပြောရသေး၏။ မလိုက်စေလိုမှန်းသိ၍ ငြိမ်သွားသောအခါမှ ကျွန်ုပ် ထွက်လာရသည်။ တစ်ခါတစ်ရံမူ မစိုးက လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဘော်ဘီသည် ကျွန်ုပ်နောက်သို့ ပြေးလိုက်လာရာ နှစ်မိုင်၊ သုံးမိုင်လောက်တွင် မီလာခြင်းများလည်း ကြုံရသည်။ ထို့နောက်၌မူ ကျွန်ုပ်သည် ဘော်ဘီကိုထားပစ်ခဲ့ဖို့ မကြိုးစားတော့ဘဲ ခရီးထွက်တိုင်း ခေါ်ခဲ့ပါတော့သည်။

**ပျော်ပွဲစားထွက်ကြပုံ**

ဘော်ဘီကို ထားမည့်သာ ထားခဲ့ရသည်။ ဘော်ဘီလိုက်လာခြင်းသည် (ရွာခွေးများလိုက်၍ ကိုက်ခြင်းမှ ကာကွယ်ပေးရသော ဒုက္ခတစ်ခုမှတစ်ပါး) ကျွန်ုပ်အဖို့ ဇိမ်တစ်မျိုးရှိလှသည်။ တစ်ခါတစ်ရံတွင် ရွာများအနီးမှ ဖြတ်သန်းသွားကြသောအခါ ရွာခွေးများသည် ဘော်ဘီကို ဝိုင်း၍လိုက်ကြ၏။ ဘော်ဘီသည် မြန်မာခွေးများအနက်တွင် ထုကောင်း၊ ဒေါက်ကောင်းဖြစ်သဖြင့် တစ်ကောင်ချင်းဖြစ်ခဲ့လျှင် သူ့ကိုကိုက်ဝံ့သော ခွေးအလွန်ရှား၍ သူကလည်း ခွေးတစ်ကောင်၊ နှစ်ကောင်လိုက်ခြင်းမျှလောက်ကို မဖြုံလှ၍ ဣန္ဒြေမပျက် လိုက်လာတတ်၏။ တစ်ခါတစ်ရံ ရွာခွေးအုပ်များနှင့် ကြုံရသောအခါများ၌ကား ဘော်ဘီသည် ကျွန်ုပ်ကို မီအောင်ပြေးလာ၍ သခင်ဘက်သို့ ကျောခိုင်းကာ ရွာခွေးများဘက်သို့ မျက်နှာလှည့်ပြီး ခုခံတတ်၏။ ခွေးအုပ်အလွန်ကြီးသောအခါတွင် ကျွန်ုပ်ကိုယ်တိုင်ဆင်းပြီး အကာအကွယ်ပေးရပါသည်။ ဤကိစ္စအတွက် ကျွန်ုပ်သည် ကျာပွတ်တစ်ချောင်း ဆောင်ယူခဲ့ဖို့ စိတ်ကူးမိရာ ခွေးရှင်ရွာသားများနှင့် ပဋိပက္ခဖြစ်ရမည်စိုးသည်နှင့် မဆောင်ဖြစ်ခဲ့ပါ။ မည်သို့ပင်ဖြစ်စေ၊ ဘော်ဘီကား ရွာခွေးများ အကိုက်ခံရသည်ဟု တစ်ခါမျှ မကြုံရဖူးပါ။ ခံရဖူးပါမူ ဘာပဲဖြစ်ဖြစ် ကျွန်ုပ် ကျာပွတ်ဆောင်မိလိမ့်မည်ထင်သည်။ ဘော်ဘီကိုခေါ်ခဲ့၍ ဇိမ်ရှိပုံမှာ တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် စာအုပ်တစ်အုပ်၊ လက်ဖက်ရည်ကြမ်းဘူးနှင့် စားစရာခပ်များများယူလာခဲ့၍ ချောင်းတစ်ခုအနီး အရိပ်ကောင်းသောသစ်ပင်ကြီးအောက်တွင် တစ်နေ့လုံး အချိန်ဖြုန်းတတ်လေသည်။ ထိုသို့သောနေ့မျိုးတွင် ကျွန်ုပ်တို့သည် စားစရာများကို နှစ်ထပ် သုံးထပ် စားလိုက်၊ ရေချိုးလိုက်၊ ဘော်ဘီကို ခေါင်းအုံးပြီး တစ်ရေးတစ်မောအိပ်လိုက်၊ စာဖတ်လိုက်၊ ရေတစ်ထပ်ဆင်း၍ချိုးလိုက် စသည်ဖြင့် တစ်နေ့ပတ်လုံး အနားယူတတ်ကြရာ နေဝင်ခါနီးတွင် အိမ်သို့ပြန်ရောက်တတ်ကြလေသည်။ ရန်ကင်းတောင်ပတ်ဝန်းကျင်ရှိ ရွာလေးများမှ ရွာသူရွာသားများသည် ကျွန်ုပ်အား 'ခွေးကြီးနဲ့လူကြီး' ဟူ၍ သိနေကြလေပြီ။ တစ်ခါတစ်ရံတွင် ကလေးငယ်များအတွက် မုန့်ပဲသရေစာများ ဝယ်ယူသွားရပါသေးသည်။

**လူဝင်စားပေလော**

ဘော်ဘီ၏ထူးခြားခြင်းတစ်ခုမှာ သေနတ်သံ၊ အမြောက်သံ၊ ဗုံးသံ စသည့် ဖြုန်းခနဲမြည်သော အသံမျိုးကို အလွန်ကြောက်တတ်ရှာ၏။ တစ်ခါက မြို့ထဲ၌ လမ်းလျှောက်လာကြစဉ် တရုတ်နှစ်သစ်ကူးချိန်ဖြစ်သည်နှင့် အိမ်တစ်အိမ်မှ တဖြောင်းဖြောင်းမြည်အောင် တရုတ်ဖြောက်အိုးများဖောက်လိုက်ရာတွင် ဘော်ဘီသည် သခင်ကိုပင် လှည့်၍မကြည့်နိုင်တော့ဘဲ ခြေဦးတည့်ရာသို့ တန်းပြီးပြေးလေတော့သည်။ ပြေးလိုက်သည်မှ လွှားခနဲ လွှားခနဲ မြင်းပွဲမှ ပြိုင်မြင်းများပြေးသည့်နှယ် ခြေကုန်သုတ်ခြင်းဖြစ်လေသည်။ ကျွန်ုပ်ခေါ်ပါသော်လည်း ကြားဟန်မတူ၊ သူ၏နားထဲ၌ ဖြောက်သံတွေချည်း ဆူညံလျက်ရှိပုံရသည်။ မန္တလေးမြို့တွင်းသို့ ကရင်သောင်းကျန်းသူများဝင်စဉ်ကလည်း မော်တာသံများကြားရသည့်အခါ ဘော်ဘီပျောက်သွား၍ အိမ်သာထဲသို့ဝင်သော လူက ချောင်ထဲ၌ကုပ်နေသော ဘော်ဘီကိုတွေ့တော့မှ ပုန်းနေခြင်းဖြစ်ကြောင်း သိရသည်။ တစ်ဖန် ကာကွယ်ရေးကျင်းတူးပြီးပြန်တော့လည်း မော်တာသံကြား၍ ပုန်းကြသူများသည် ကျင်းထဲသို့ရောက်နှင့်နေသော ဘော်ဘီကို တွေ့ကြရပြန်သည်။ ဤတွင် ကျွန်ုပ်၌ အတွေးတစ်ခုဖြစ်ပေါ်လာ၏။ ဝက်လက်မြို့ပေါ်သို့ အင်္ဂလိပ်တို့ ဗုံးများကြဲချဖူး၍ လူများအတော်အတန်သေဆုံးကြဖူးရာ လူများသေကြသောအချိန်နှင့် ဘော်ဘီမွေးသောအချိန်မှာ ကာလအားဖြင့် ရှေ့နောက်ကိုက်ညီလျက်ရှိသောကြောင့် ဘော်ဘီသည် ဗုံးထိမှန်သူတစ်ယောက်ယောက် ဝင်စားခြင်းဖြစ်၍ ဗုံးသံကို ဤမျှလောက်ကြောက်တတ်လေသလောဟု စဉ်းစားမိသည်။ တခြားသောအကြောင်းတစ်ရပ်မှာလည်း တချို့ကိစ္စများတွင် ဘော်ဘီသည် တိရစ္ဆာန်နှင့်မလိုက်အောင် သိတတ်သောသဘာဝတစ်ခုပါရှိခြင်းပင်ဖြစ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ပဲခူးမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

ပဲခူး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဇင်းရပ်ကွက်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဩဂုတ်လ ၉ ရက်က ရွှေသာလျောင်းဘုရားဝင်းရှိ မင်္ဂလာခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းအောင်က ဌာနမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့စဉ်ကွင်းဆင်းပြုလုပ်ပေးနေမှု အခြေအနေများ၊ နိုင်ငံသားများ၏အခွင့်အရေး၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ရာတွင် သတိပြုလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးခရိုင် ဦးစီးမှူး ဒေါ်ဝင်းဖြူဖြူနှင့် ပဲခူးမြို့နယ် ဦးစီးမှူး ဦးကျော်မြင့်နိုင်တို့က ပြည်သူများသိသင့်သိထိုက်သော ဥပဒေစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နေ့စဉ်ဒေသအလိုက်ကွင်းဆင်း၍ အများပြည်သူ အဆင်ပြေစေရန် ပန်းခင်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် မဇင်းရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၆၇ ဦးအား ပြဋ္ဌာန်းထားသော စည်းကမ်း၊ ဥပဒေများနှင့်အညီ တိုက်ဆိုင်စစ်ဆေး၍ နိုင်ငံသားအရည်အချင်းများနှင့် ကိုက်ညီသူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုး တိုးတက်စေရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

မအူပင် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်နှင့်စာအုပ်စာစောင်များ ပြသခြင်းအား ယမန်နေ့ နံနက်ပိုင်းက မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးနှင့် ဝန်ထမ်းများက ထန်းပင်ကွေ့အရှေ့ကျေးရွာရှိသုတအလင်္ကာစာကြည့်တိုက်၊ ခနောင်ထော်ကျေးရွာရှိ ပညာရောင်ခြည်စာကြည့်တိုက်၊ ကျောင်းရွာကျေးရွာရှိ ဒို့ရွာစာကြည့်တိုက်နှင့် မရမ်းကွေ့ကျေးရွာရှိဓမ္မအလင်းတန်းစာကြည့်တိုက်တို့ရှိ စာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များအား ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကွင်းဆင်းဆွေးနွေးပွဲ ကျင်းပရာ စာကြည့်တိုက်ကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များ အပြန်အလှန်ဆွေးနွေးပြောကြားပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့နှင့်လူကုန်ကူးမှုအန္တရာယ်တိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဗွီနိုင်းပိုစတာများနှင့် စာအုပ်စာစောင်များပြသကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ၃၃ ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံ၊ ၁၃၂ ကေဗွီ အနီးစခန်း ပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ရတနာပုံပင်မဓာတ်အားခွဲရုံများ ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး




နေပြည်တော် ဩဂုတ် ၁၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ၃၃ ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံ၊ ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ရတနာပုံပင်မဓာတ်အားခွဲရုံတို့မှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှဓာတ်အား ထုတ်လုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၃၃ ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံ Control Room ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်ကာ ခွဲရုံဝင်းအတွင်း သီးပင်စားပင်များစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ရတနာပုံပင်မဓာတ်အားခွဲရုံတို့၏ ဓာတ်အားပို့လွှတ်ပေးနေမှုနှင့် Control Room အတွင်း ဓာတ်အားထိန်းချုပ်ပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တမံရှုရပ်မှနေ၍ တမံအတွင်း ရေဝင်ရောက်မှု၊ တမံ၏ကြံ့ခိုင်မှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအားပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ စက်အရန်ပစ္စည်းများဖြည့်ဆည်းထားရှိရေး မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ဓာတ်အားပေးစက်ရုံ Switch Yard၊ ဓာတ်အားပေးစက်ရုံ Control Room နှင့် တမံတာပေါင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ Control Room အတွင်း ဓာတ်အားထိန်းချုပ်ပို့လွှတ်နေမှုနှင့် Switch Yard အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မင်းဘူး(စကု)မြို့နယ်၌ ငှက်ပျောပင်များစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ၍အဆင်ပြေ

မင်းဘူး ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်အတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူများသည် နှစ်တို၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများအပြင် မိသားစုအပိုဝင်ငွေရရှိစေရန်အတွက် ငှက်ပျောပင်စိုက်ပျိုးခြင်းကိုလည်း လုပ်ကိုင်ကြသည်။

ထိုသို့စိုက်ပျိုးရာတွင် ဒေသအခေါ် သူငယ်စာသီး၊ ရခိုင်သီး၊ သီးမွှေးငှက်ပျောနှင့် ဖီးကြမ်းသီးပင်များအား မိသားစုအပိုဝင်ငွေရရှိရေးအတွက် နေအိမ်ခြံဝင်းများအတွင်း၌ လည်းကောင်း၊ ဥယျာဉ်ခြံမြေများ၌ လည်းကောင်း စိုက်ပျိုးလျက်ရှိသည်။ သူငယ်စာသီးမှာ ဖီးကြမ်းငှက်ပျောနှင့် ဆင်တူပြီး သူငယ်စာတစ်ခိုင်သားတစ်ထိုင်ဆိုသည့်အတိုင်း ငှက်ပျောခိုင် တစ်ခိုင်ဆိုလျှင် ခြောက်လ၊ ခုနစ်လ ကြာမြင့်သည့်အပြင် အသီးသေး၍ ဈေးနည်းသောကြောင့် စိုက်ပျိုးသူနည်းသည်။

ရခိုင်ငှက်ပျောသီးမှာ အလှူပွဲ၊ မင်္ဂလာပွဲ၊ ဘုရားပွဲ၊ ကျောင်းပွဲ၊ အိမ်တက်ပွဲ စသည်ဖြင့်သုံးစွဲသူများကာ စားသုံးသူလည်းများသည်။ ငှက်ပျောသီးများအား ငှက်ပျောခြံအတွင်း လာရောက်ဝယ်ယူသူများရှိသလို ဈေးဆိုင်များအရောက်ဖောက်သည်ပေး၍ ရောင်းချရသည်များလည်းရှိသည်။ ငှက်ပျောရောင်းချသည့်ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးအပြင် ကျန်းမာရေးအတွက်လည်း အထောက်အကူပြု၍ အဆင်ပြေလျက်ရှိကြောင်း ကျောက်တန်းကျေးရွာ ငှက်ပျောစိုက်ပျိုးရောင်းချသူ ကိုဌေးထံမှ သိရသည်။ **ဇေယျာနိုင်(ရွှေကန်မြေ)**

# ရန်ကုန်တိုင်းဒေသကြီး၌ မိုးစပါးဧက ၁၁ သိန်းကျော်စိုက်ပျိုးရန်လျာထားပြီး ၁၀ သိန်းကျော်စိုက်ပျိုးပြီးစီး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး၌ ရာသီအလိုက် ယခုမိုးရာသီတွင် မိုးစပါး ၁၁၄၈၂၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လကုန်ပိုင်းအထိ ၁၀၁၀၄၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ကျန်စိုက်ဧကများ၌ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“မိုးစပါး ဧက ၁၁ သိန်းကျော်လျာထားပြီး ၁၀ သိန်းကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးတော့လည်း စိုက်နေပါတယ်။ ထွက်နှုန်းကောင်းပြီး လုပ်သားအင်အားနဲ့ ငွေကြေးကုန်ကျမှုကိုလျှော့ချနိုင်တဲ့ မျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးနိုင်တာကို တောင်သူတွေ သိလာကြပါပြီ။ အထူးသဖြင့် ဌာနကအသိပညာပေးလုပ်ငန်းတွေမှာ စိုက်ပျိုးတောင်သူတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အထွက်နှုန်းတိုးပြီး တောင်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



တိုင်းဒေသကြီးအတွင်း၌ စပါးကို ဒဂုံမြို့သစ်၊ သန်လျင်၊ တွံတေး၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ မင်္ဂလာဒုံ၊ အင်းစိန်နှင့် အလုံ စသည့်ခရိုင်တို့တွင် စိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရက်-၉၀၊ ရာကျော်၊ ရွှေဝါထွန်း၊ မှော်ဘီ-၃၊ အောင်နိုင်တိုး မျိုးစပါးအုပ်စုများနှင့် ဒေသမျိုးများဖြစ်သည့် ငစိန်၊ မီးတုံး၊ ကောက်ညှင်း စသည့်မျိုးစပါးအုပ်စုများကို ပြည်တွင်းစားသုံးမှုနှင့်ပြည်ပပို့ကုန်အဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မိုးစပါးကို ဇူလိုင်လဆန်းမှ စက်တင်ဘာလကုန်ပိုင်းအထိစိုက်ပျိုးလေ့ရှိကာ သက်တမ်းတိုစပါးမျိုးများကို အောက်တိုဘာလကုန်ပိုင်းနှင့် သက်ကြီးစပါးများကို ဇန်နဝါရီလကုန်ပိုင်းတွင် အပြီးသတ်ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။

မိုးစပါးထက် နွေစပါးကို တောင်သူများ ပိုမိုအားထားသော်လည်း မိုးစပါးသည် ရာသီလိုက်စပါးဖြစ်ပြီး မိုးမပြတ်ရရှိမှုကြောင့် ထွက်နှုန်းသေချာသောစပါးအဖြစ် တောင်သူများ မဖြစ်မနေစိုက်ပျိုးခြင်းဖြစ်သည်။ ယခုနှစ်မိုးစပါးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာန(ရေဆင်း)မှ ထုတ်လုပ်သည့် အောင်နိုင်တိုးမျိုးစပါးအသစ်ကို ဧက ၅၀၀၀ အထိ တောင်သူများစိုက်ပျိုးလျက်ရှိပြီး တစ်ဧကလျှင် ပျမ်းမျှအားဖြင့် တင်း ၈၀ ကျော်ထွက်ရှိသဖြင့် တောင်သူများစိတ်ဝင်စားသော မျိုးစပါးအဖြစ် ယခုမိုးရာသီတွင် စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ဝမ်းစာစပါးဖူလုံမှုကို တိုင်းတာရာ၌ ၂၀၂၄ ခုနှစ်တွင် ၁၀၂ ဒသမ ၈၃ ရာခိုင်နှုန်းဖြင့် ဆန်စပါးစားသုံးမှုကို ဖူလုံစေခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်ရည်မှန်းချက်ထက် ပိုမိုတိုးမြှင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဓာတ်ပုံ- ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ


တောင်ကြီး ဩဂုတ် ၁၀

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၉ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် တောင်ကြီးတက္ကသိုလ်အသင်းနှင့် နည်းပညာတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး ဗိုလ်လုပွဲတွင် တောင်ကြီးတက္ကသိုလ်အသင်းက သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများဖြစ်သည့် နောက်တန်းအကောင်းဆုံးဆု၊ ဂိုးသမားအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆုရရှိသည့် အားကစားသမားများကို ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်ဥပဒေချုပ်တို့ကလည်းကောင်း၊ နှစ်သိမ့်ဆု(၁)ရရှိသည့် ပညာရေးဒီဂရီကောလိပ်အသင်းနှင့် နှစ်သိမ့်ဆု(၂)ရရှိသည့် ကွန်ပျူတာတက္ကသိုလ်အသင်းတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ တတိယဆုရရှိသည့် ဆေးတက္ကသိုလ်(တောင်ကြီး) အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ်သယံဇာတရေးရာဝန်ကြီးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် နည်းပညာတက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပထမဆုရရှိသည့် တောင်ကြီးတက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ဖူဆယ်လက်ရွေးစင်အသင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**




# (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)တို့၏ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်လ ၁၀ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပသည်။



ရှေးဦးစွာ သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခဒါဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပြီး ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံနာယက၊ တာဝန်ရှိသူများနှင့် အလှူရှင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံနာယက က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံနှင့် ဒါယိပ်သာတို့အား အကြီးစားပြုပြင်တည်ဆောက်ရန် အလှူငွေများကို အလှူရှင်များက လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံနာယကနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ဒါယကာ ဒါယိကာမများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောရတပ်ဦးကျောင်းတိုက် အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

**ခင်မောင်တင်**

# ဆင်ပေါင်ဝဲမြို့နယ် လယ်ကျိုးကျေးရွာ၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြော

ဆင်ပေါင်ဝဲ ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် လယ်ကျိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် သဘာဝဘေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ပြောကြားသည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းက ကျေးရွာသူ၊ ကျေးရွာသားများအား ရေဘေးကြောင့်ဖြစ်ပေါ်လာနိုင်သည်များ၊ လျှပ်စီးလက်ခြင်း ငလျင်လှုပ်နေချိန် နေထိုင်နည်းများ၊ သဘာဝဘေးဖြစ်လာပါက ကယ်ဆယ်ရေးပစ္စည်းများပံ့ပိုးမှုအခြေအနေများကိုပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip ကို ပြသသည်။

ဆက်လက်၍ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများအား ရေဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်နှင့် ငလျင်ဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ကျေးရွာသူ၊ ကျေးရွာသားများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ပြင်ပစာပေဗဟုသုတများဖတ်ရှုပြီး အသိပညာဗဟုသုတတိုးပွားစေရေး ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဩဂုတ်လ ၉ ရက်က အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဖုန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီဂီပြည့်ဖြိုးက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အကြောင်းကို ဟောပြောသည်။

ထို့နောက် စကားပုံဆက်ပြိုင်ပွဲကို ကျင်းပရာ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း Grade-9 မှ ကျောင်းသား၊ ကျောင်းသူများက အလှည့်ကျပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် ဂိမ်းပြိုင်ပွဲများ ကျင်းပရာ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး အနိုင်ရရှိသူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့်မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခု ဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများအပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များဆုံစည်းရာနေရာတစ်ခုလည်းဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး (Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်စီစဉ်လျက်ရှိပြီး အဆင့်မြှင့်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာအချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့်ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၀၉-၇၉၈၃၇၄၇၀၉၊ ၀၁၇-၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၀၉-၇၆၅၂၆၂၆၇၉

❐ **ကျောဖုံးမှအဆက်**

ရှန်းကန်ခဲ့ရပြီး ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ဝင်းသိင်္ဂီထွန်းက ၄၂ မိနစ်တွင် သွင်းယူပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်မံရရှိရန် ကြိုးပမ်းလာပြီး ဝင်းသိင်္ဂီထွန်းက ၅၅၊ ၆၂ မိနစ်တွင် နှစ်ဂိုးထပ်သွင်းကာ ဟက်ထရစ်ရရှိခဲ့သည်။ ဟက်ထရစ်သွင်းယူသည့်ဝင်းသိင်္ဂီထွန်းသည် ယခုပွဲ၏ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် ဩစတြေးလျအသင်းက လက်ရှိချန်ပီယံ ဖိလစ်ပိုင်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ဖိလစ်ပိုင်အသင်းနှင့် ဩစတြေးလျအသင်းတို့က သုံးမှတ်စီရရှိထားကာ တီမောအသင်းမှာ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးနေ့ကိုဩဂုတ်လ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဩစတြေးလျအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (က) တွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့က နှစ်ပွဲစီကစားအပြီးတွင် ခြောက်မှတ်စီရရှိပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

**ဓာတ်ပုံ-MFF**
**သတင်း-ရှိုင်းထက်ဇော်**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းအတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၂၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၀

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့်ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကိုပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကိုထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၂၈၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**မြဝတီ**

◆ **ရှေ့ဖုံးမှအဆက်**

စလင်းမြို့နယ်အတွင်း ယခုနှစ်တွင် တောင်သူအများစုသည် နေရာဒေသအလိုက် ပြည်တွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံဖြစ်သည့် ပဲမျိုးစုံ၊ နှမ်း၊ မြေပဲတို့ကို ရေ၊ မြေတောတောင်နှင့် လယ်ယာမြေများအလိုက် ထွန်ယက်စိုက်ပျိုးကြသည်။အင်ကြင်းပင်လှကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌တောင်ယာလုပ်ငန်းကိုသာ အဓိကအားထားလုပ်ကိုင်ကြပြီး တောင်သူလယ်သမားများအနေဖြင့် မိုးမြေပဲအား သီးညှပ်၊ သီးထပ်အဖြစ်စိုက်ပျိုးခြင်းများကို မိုးရေနှင့် မြေအောက်ရေကိုစုပ်ယူပြီး စိုက်ပျိုးရန်ယာမြေများကို ထွန်ယက်၍ မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဖူးစားပြောင်း၊ ပဲစင်းနှင့် ဝါများကြား၌ အဓိကအာထားစိုက်ပျိုးလုပ်ကိုင်ကြသည်၊ မြေပဲကိုနယုန်လဆန်း၇ ရက် နောက်ပိုင်းတွင် မြေပဲနှစ်ကြောင်း ပဲစင်းငုံတစ်ကြောင်း နှစ်ပေခွဲစီခြား၍ သီးထပ်၊သီးညှပ်စိုက်ပျိုးခဲ့ရာ မြေပဲသီးနှံရိတ်သိမ်းချိန်၌ မိုးရွာသွန်းပါက ပဲစင်းငုံပင်များအား မြေဆွပေးသကဲ့သို့ ထွန်ယက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရကြောင်း၊ ထိုသို့ဆောင်ရွက်လုပ်ကိုင်မှသာ ပဲစင်းငုံပင်များအားကောင်းလာပြီး အပွင့် အသီးများထွက်ရှိ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ယခုနှစ်မိုးရာသီ၌ စိုက်ပျိုးရေးဦးစီးဌာန၏ အထွက်နှုန်းကောင်းမွန်၍ စိုက်ပျိုးရေးနည်းစနစ်များပေါင်းစပ် တောင်သူပညာပေးဟောပြောပွဲ ဆွေးနွေးပွဲများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၀၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၀ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၃၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန**

# လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုရေရှည်တည်တံ့စေသော စားသောက်မှုပုံစံ

ယခုအခါ မျက်မှောက်ခေတ်လူသားတို့စားသုံးသော အစားအစာများသည် လူသားအားလုံး၏ကျန်းမာရေးကိုသာမက ကမ္ဘာမြေကြီးတည်တံ့ခိုင်မြဲရေးကိုပါ အဆုံးအဖြတ်ပေးသည့် အရေးကြီးသောအချိန်ကာလတစ်ခုသို့ ရောက်ရှိနေပါသည်။ လူတို့၏ လက်ရှိစားသောက်မှုအလေ့အထသည် အသားအလွန်များသောအစားအစာများနှင့် အစားအစာများကို သိုလှောင်သိမ်းဆည်းသည့်အလေ့အထကြောင့် လက်ရှိကမ္ဘာ့စားရေရိက္ခာစနစ်သည် ရေရှည်တည်တံ့မှုအားနည်းခြင်းနှင့် စွန့်ပစ်ပစ္စည်းများမြင့်မားခြင်းကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၊ သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှုနှင့် တခြားသောသဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာပြဿနာများ ဖြစ်လာခဲ့သည်။ အစားအစာစနစ်များသည် လူသားတို့၏ကျန်းမာရေးကို ထိန်းသိမ်းပေးပြီး ပတ်ဝန်းကျင်ရေရှည်တည်တံ့မှုကို ပံ့ပိုးပေးနိုင်သည့် အလားအလာရှိသော်လည်း ယနေ့ကမ္ဘာမြေကြီး၏လက်ရှိအခြေအနေသည် နှစ်ခုစလုံးကို ခြိမ်းခြောက်လျက်ရှိသည်။

Planetary Health Diet သည် လူသားတို့၏ကျန်းမာရေးကို မြှင့်တင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေရန်အတွက် နိုင်ငံတကာသိပ္ပံပညာရှင်များအဖွဲ့မှ တီထွင်ထားသော အစားအသောက်ပုံစံတစ်ခုဖြစ်သည်။ အနှစ်သာရအားဖြင့် Planetary Health Diet သည် လူသားနှင့်သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော လူသားတို့၏ကျန်းမာရေးကိုပံ့ပိုးပေးနိုင်သည့် အာဟာရပြည့်ဝသောစားသောက်မှုပုံစံတစ်ခုဖြစ်ခြင်း၊ အသက်ရှည်ခြင်းနှင့်နာတာရှည်ရောဂါများဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ခြင်းတို့ကြောင့် ကမ္ဘာမြေကြီးကို ရေရှည်တည်တံ့ခိုင်မြဲစေရန် အထောက်အကူပြုသော စားသောက်မှုပုံစံတစ်ခုဖြစ်သည်။

EAT-Lancet ကော်မရှင်သည် လူသားတို့၏ကမ္ဘာမြေကြီးကို ပျက်စီးမှုအနည်းဆုံးဖြစ်စေမည့် ရေရှည်တည်တံ့သောအစားအစာစနစ်များကို သတ်မှတ်ရာတွင် တိုးတက်များပြားလာသောကမ္ဘာ့လူဦးရေကို ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကျွေးရန်လိုအပ်ကြောင်း အကြံပြုထားပါသည်။ EAT- Lancet ကော်မရှင်၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာသည် လူသားနှင့်ပတ်ဝန်းကျင်ကျန်းမာရေးကိုဦးစားပေးသည့် အစားအသောက်ပုံစံကိုအကြံပြုထားပြီး ရေရှည်အစားအစာဖူလုံမှုနှင့် အစားအစာစွန့်ပစ်မှုလျှော့ချရေးအစီအစဉ်များကို အကြံပြုထားသည်။ EAT- Lancet ကော်မရှင်သည် ပတ်ဝန်းကျင်ရေရှည်တည်တံ့မှုကိုအခြေခံ၍ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို ရည်ညွှန်းဖော်ပြထားပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ (ဥပမာ-ဟင်းသီးဟင်းရွက်၊ သစ်သီးများ၊ အစေ့အဆန်များ၊ ပဲနှင့် အခွံမာသီးများ) စားသုံးမှုတိုးလာခြင်းနှင့် ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများ (ဥပမာ-အနီရောင်အသား၊ သကြားနှင့် သန့်စင်ထားသောအစေ့အဆန်များ) စားသုံးမှုလျှော့ချခြင်းကိုလိုက်နာရန် တိုက်တွန်းထားသည်။

### Planetary Health Diet ၏အဓိကအစိတ်အပိုင်းများ

Planetary Health Diet ကဲ့သို့သော သက်ရှည်ကျန်းမာရေးကိုမြှင့်တင်ပေးနိုင်သည့်အစားအစာပုံစံတွင် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ ပဲပင်များ (ပဲစေ့နှင့်ပဲအမျိုးမျိုးကဲ့သို့) နှင့် အခွံမာသီးများကဲ့သို့ အပင်အခြေခံအစားအစာများကို အဓိကထားကာ ကြက်သားနှင့်ငါးများကို မျှတစွာစားသုံးရန်နှင့် အနီရောင်အသားစားသုံးမှု၊ သကြားနှင့် သန့်စင်ထားသောအစေ့အဆန်များစားသုံးမှု အထူးသဖြင့် အလွန်အကျွံပြုပြင်ထားသောအစားအစာများစားသုံးမှုကို ကန့်သတ်ထားသည်။ ပြည့်ဝဆီများထက် သံလွင်ဆီကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော မပြည့်ဝဆီများကို ပို၍ဦးစားပေးပါသည်။ အပင်အခြေခံအစားအစာများကို အဓိကအာရုံစိုက်သော်လည်း နို့ထွက်ပစ္စည်းအလယ်အလတ်ပမာဏနှင့် ကစီဓာတ်အနည်းငယ်ပါဝင်သည့် ဟင်းသီးဟင်းရွက်များလည်း ပါဝင်ပါသည်။ သက်သတ်လွတ်စားသူများအတွက် တစ်ဦးချင်းလိုအပ်ချက်များနှင့် ယဉ်ကျေးမှုဆိုင်ရာနှစ်သက်မှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရွေးချယ်နိုင်သည်။ ဤအစားအစာသည် လူသားများ၏အာဟာရအတွက်အကျိုးပြုပြီး အသက်ရှည်စေရန်နှင့် နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည့်အပြင် ကာဗွန်ထုတ်လွှတ်မှု သိသိသာသာနည်းပါးစေပြီး စွန့်ပစ်ပစ္စည်းများကို လျှော့နည်းစေခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ချရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

> "Planetary Health Diet ကဲ့သို့သော သက်ရှည်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည့် အစားအစာပုံစံတွင် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ ပဲပင်များ (ပဲစေ့နှင့်ပဲအမျိုးမျိုး ကဲ့သို့) နှင့် အခွံမာသီးများကဲ့သို့ အပင်အခြေခံအစားအစာများကို အဓိကထားကာ ကြက်သားနှင့်ငါးများကို မျှတစွာစားသုံးရန်နှင့် အနီရောင်အသားစားသုံးမှု၊ သကြားနှင့် သန့်စင်ထားသောအစေ့အဆန်များစားသုံးမှု အထူးသဖြင့် အလွန်အကျွံပြုပြင်ထားသောအစားအစာများစားသုံးမှုကို ကန့်သတ်ထားသည် . . ."

### Planetary Health Diet ၏အကျိုးကျေးဇူးများ

လေ့လာမှုများအရ လူသားနှင့်သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသောစားသောက်မှုပုံစံကို လိုက်နာခြင်းသည် နှလုံးရောဂါ၊ ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် အရွယ်မတိုင်မီသေဆုံးနိုင်ခြေနှင့် နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်သည်ဟု ဟားဗတ်ချန်းပြည်သူ့ကျန်းမာရေးကျောင်းမှ လေ့လာမှုတစ်ခုအရ သိရသည်။ သုတေသနများအရ Planetary Health Diet ကဲ့သို့သော အစားအသောက်များကို လိုက်နာခြင်းနှင့် သက်တမ်းပိုရှည်ခြင်းတို့ ဆက်စပ်မှုရှိကြောင်း Economic Times တွင် ဖော်ပြထားသောလေ့လာမှုတစ်ခုအရ သိရသည်။

အသားစားသုံးမှုကိုလျှော့ချခြင်းဖြင့် အစားအစာရေရှည်ဖူလုံမှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေရန် အထောက်အကူပြုပါသည်။ အပင်အခြေခံအစားအသောက်များကို ကျယ်ကျယ်ပြန့်ပြန့်စားသုံးခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၊ ဓာတ်မြေသြဇာလိုအပ်ချက်နှင့် စိုက်ပျိုးမြေအသုံးပြုမှုသိသိသာသာလျော့ကျသွားနိုင်ကြောင်း တွေ့ရှိခဲ့သည်။

### သက်တမ်း ၁၀၀ ထက်ကျော်လွန်၍ အသက်ရှည်စေသောအစားအသောက်

လေ့လာမှုများအရ အစားအသောက်သည် အသက်ရှည်ခြင်းကို သက်ရောက်မှုရှိကြောင်း အကြံပြုထားသည်။ EAT-Lancet ကော်မရှင်မှမိတ်ဆက်ထားသော Planetary Health Diet (PHD) သည် ၂၀၂၅ ခုနှစ်အတွက် လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုအတွက်အကျိုးပြုသည့် အစားအစာအဖြစ် ဆွဲဆောင်မှုရှိနေသည်။ အပင်အခြေခံအစားအစာများကိုအလေးထားပြီး တိရစ္ဆာန်ထွက်ပစ္စည်းများလျှော့ချခြင်းသည် အဓိကရောဂါများဖြစ်နိုင်ခြေနည်းပါးခြင်းနှင့် သေဆုံးမှုလျှော့ချပေးနိုင်ခြင်းတို့နှင့် ဆက်စပ်နေသည်။

သုတေသီများသည် အရွယ်ရောက်ပြီးသူ ၁၁၀၀၀ ကျော်ကို ၁၄ နှစ်ကြာလေ့လာခဲ့ရာ သစ်သီးများ၊ နို့ထွက်ပစ္စည်းများ၊ မပြည့်ဝဆီများနှင့် အခွံမာသီးများပါဝင်သော အစားအစာများကို အဓိကစားသောက်ခြင်းဖြင့် သေဆုံးနိုင်ခြေနည်းပါးကြောင်းပြသခဲ့သည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်အောင်စားသောက်ခြင်းသည် အသက်ပိုရှည်ရန် အဓိကအချက်ဖြစ်နိုင်ပါသည်။ EAT-Lancet ကော်မရှင်မှ ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် Planetary Health Diet ဟူသောအသုံးအနှုန်းကို ရေရှည်တည်တံ့သောအစားအစာစနစ်များမှ ကျန်းမာသောအစားအစာများဆိုင်ရာခေါင်းစဉ်ဖြင့် မိတ်ဆက်ခဲ့သည်။ လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုအတွက်အကျိုးပြုသည့် အစားအသောက်ပုံစံကို အလေးပေးထားပြီး အပင်အခြေခံအစားအစာများ တိုးမြှင့်စားသုံးမှုနှင့် တိရစ္ဆာန်အခြေခံထွက်ကုန်များ စားသုံးမှုလျှော့ချရန် လှုံ့ဆော်ထားသည်။

Planetary Health Diet ကို လိုက်နာသူများသည် ကင်ဆာ၊ နှလုံးရောဂါနှင့် အဆုတ်ရောဂါအပါအဝင် သေဆုံးနိုင်ခြေနည်းပါးကြောင်း မကြာသေးမီက ဟားဗတ်ချန်းပြည်သူ့ကျန်းမာရေးကျောင်းမှ သုတေသီများ၏လေ့လာမှုတစ်ခုအရ သိရသည်။ လေ့လာတွေ့ရှိချက်များကို The American Journal of Clinical Nutrition တွင် ထုတ်ဝေခဲ့သည်။ သုတေသီများသည် လူ ၂၀၀၀၀၀ ကျော်ထံမှ ကျန်းမာရေးအချက်အလက်များကို အသုံးပြုခဲ့သည်။ လေ့လာမှုစတင်ချိန်တွင် နာတာရှည်ရောဂါကင်းစင်သူများပါဝင်ခဲ့ပြီး အစားအသောက်မေးခွန်းလွှာများကို လေးနှစ်တစ်ကြိမ်နှင့် ၃၄ နှစ်အထိ ဖြေဆိုခဲ့ပါသည်။ Planetary Health Diet ကို အနီးကပ်ဆုံးလိုက်နာသူများသည် မလိုက်နာသူများထက် စောစီးစွာသေဆုံးနိုင်ခြေ ၃၀ ရာခိုင်နှုန်းလျော့နည်းကြောင်း လေ့လာမှုကဖော်ပြသည်။ အထူးသဖြင့် ပါဝင်သူများအနက် လိုက်နာမှုအကောင်းဆုံး ထိပ်တန်း ၁၀ ရာခိုင်နှုန်းသည် အောက်ခြေ ၁၀ ရာခိုင်နှုန်းထက် အရွယ်မတိုင်မီ သေဆုံးနိုင်ခြေ ၃၀ ရာခိုင်နှုန်းလျော့နည်းကြောင်း သိရသည်။

ဆိုရှယ်မီဒီယာလောကတွင် လူအများစုသည် ကျန်းမာရေးကောင်းစေမည့်အစားအသောက်များကိုရှာဖွေရန် အာရုံစိုက်လာကြသည်။ တိရစ္ဆာန်များမှရရှိသော ပရိုတင်းဓာတ်သည် ကြွက်သားထိန်းသိမ်းမှုနှင့် ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော်လည်း အလွန်အကျွံစားသုံးမှုသည် ခန္ဓာကိုယ်အတွက် အမှန်တကယ်ကောင်းမွန်မှုမရှိကြောင်း တွေ့ရှိခဲ့သည်။ နှလုံးနှင့်ဇီဝဖြစ်စဉ်ကျန်းမာရေးအတွက် အရေးကြီးသောရောင်ရမ်းမှုကို လျှော့ချရန်နှင့် ကြွက်သားထုထည်ကို ထိန်းသိမ်းရန်အတွက် အပင်အခြေခံပရိုတင်းစားသုံးမှုကို အလေးပေးသောအစားအသောက်သည် ကျန်းမာစွာအိုမင်းခြင်းအတွက် အကောင်းဆုံးဖြစ်သောကြောင့် အသက် ၃၀ နှင့် ၆၅ နှစ်ကြားတွင် အပင်အခြေခံပရိုတင်းကို အဓိကစားသုံးရန် အကြံပြုထားသည်။ Planetary Health Diet ခေါ် အပင်အခြေခံအစားအစာများသည် လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများစွာကို ပေးဆောင်နိုင်သော်လည်း တိရစ္ဆာန်ရင်းမြစ်အစားအစာများထက် သံဓာတ်၊ ဇင့်၊ ဗီတာမင် B-12၊ ကယ်လ်စီယမ်နှင့် Omega-3 Fatty Acids ကဲ့သို့သော အာဟာရဓာတ်တချို့ရရှိမှုနည်းပါးနိုင်သောကြောင့် ဖြစ်နိုင်ခြေရှိသောအာဟာရချို့တဲ့မှုများကိုရှောင်ရှားရန် ဂရုတစိုက်စီစဉ်ရန်လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာမြေကြီးကိုကာကွယ်သည့် အစားအသောက်ရွေးချယ်မှုများသည် အသက်ရှည်ခြင်းနှင့် နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် မြေအသုံးချမှုလျှော့ချခြင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် အစားအသောက်ပုံစံများသည် လူသားများ၏ကျန်းမာရေးအတွက် အသင့်တော်ဆုံးဖြစ်နိုင်ပါသည်။ လူသားနှင့် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေသော အစားအသောက်များကို လူတိုင်းရွေးချယ်စားသောက်ခြင်းဖြင့် အသက်အရွယ်ကြီးရင့်လာမည်ကို စိုးရိမ်စရာမလိုဘဲ ကျန်းမာပျော်ရွှင်စွာဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ဒေါက်တာသီဂီကျော်**

---

# ဟိုပုံးမြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

ဟိုပုံး ဩဂုတ် ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု ဟန်လွဲကျေးရွာ၌ ဩဂုတ်လ ၁၀ ရက်တွင် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှုအခြေအနေကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက နွေစပါးရိတ်သိမ်းထားရှိသည့် ဟန်လွဲ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ နွေစပါးရိတ်သိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုကြသည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ပိုမိုရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး ဟိုပုံးမြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# အာစရိယပူဇော်ပွဲနှင့် ထူးချွန်ဆုပေးအပ်ပွဲကျင်းပ



မြိတ် ဩဂုတ် ၁၀

မြိတ်တက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဓာတုဗေဒနေ့သင်တန်းနှင့်အဝေးသင်သင်တန်း အာစရိယပူဇော်ပွဲနှင့် ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ် နတ်စဉ်လမ်း မြိတ်တက္ကသိုလ် အဆောင်(၈)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းသီဆို၍ ဆီမီးထွန်းညှိပူဇော်ကာ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနေသွယ်ကြည်ကအဖွင့် အမှာစကားနှင့် ဆုံးမဩဝါဒမြွက်ကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့်ဓာတုဗေဒမိသားစုတို့က စုစုပေါင်းလှူဒါန်းငွေကျပ်သုံးသိန်းကို မြိတ်တက္ကသိုလ်စမ္ပာရုံသို့ ပေးအပ်လှူဒါန်းပြီး ပညာရည်ချွန်ဆု ၁၇ ဆု၊ စာပေဆုခုနစ်ဆု၊ အားကစားထူးချွန်ဆု ၂၉ ဆု စုစုပေါင်းထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူ ၅၃ ဦးတို့အား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြကြောင်းသိရသည်။

(၄၁၂)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## လမြတ်ဝါခေါင် ပြည်ကျိုးဆောင်

လဝါခေါင် သာကြည်လှ
ဝသန်လ မိုးရာသီ။
ဆူးရစ်တွေ ရာသီလှစ်တယ်
ကြောင်ကျစ်ဝေစီ။
ထနောင်းနှင့် ခတ္တာသည်
ခါတော်မီ ပွင့်မြဲ။
သိဟ်ရာသီ အလှူပေးတယ်
စာရေးတံမဲ။

သရဝဏ် စန်းမွန်ကဲသမို့
ခြသေ့်တွဲ နွဲ့တာရာ။
ကွင်းလယ်မှာ ဗျိုင်းလာဆင်းခဲ့
လေညင်းသွဲ့ကာ။
ဘယ်တိမ်းလို့ ညာယိမ်းရှာ
ကောက်ယဉ်မှာ စိမ်းကာညို့။
ဩဇာမြေ ရေကိုပေးတယ်
ထွက်ရေးလှဖို့။

အနောက်တောင် မှိုင်းမောင်ညို့
ကိုင်းချောင်တို့ ပွင့်ကြပြီ။
မိကျောင်းမည် ရာသီရွှေးလို့
ဖြူဖွေးပွင့် ကြည်။
လယ်သမားတို့ အားမာန်ညီ
စပါးစံမီလို့ အထွက်တိုး။
မချို့သဒ္ဒါမွန်
တို့တာဝန် အလေးထားကာ
အားစိုက်လို့ကြိုး။ ။

**ကိုမောင်လှသိန်း(ညိုမြတို့ရွာ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၈-၂၀၂၅(တနင်္လာနေ့)

- ၁။ ၀၆:၀၃ တရားတော်
- ၂။ ၀၇:၂၀ ဓမ္မပူဇာတေး
- ၃။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
- ၄။ ၁၀:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၅။ ၁၁:၀၀ တစ်ချိန်က သူတို့အကြောင်း
- ၆။ ၁၂:၀၀ လူတိုင်းကျန်းမာ သိမှတ်စရာ
- ၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
- ၈။ ၁၄:၀၀ မှတ်သားလိုက်နာ ပုံပမာ
- ၉။ ၁၅:၀၀ ပန်းပေါင်းစုံစွာ အနုပညာ
- ၁၀။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
- ၁၂။ ၁၈:၄၀ ကျန်းမာသုတ
- ၁၃။ ၁၉:၀၀ **CGTN Nature အပိုင်း(၁၅)**

## MWD Variety Channel

၁၁-၈-၂၀၂၅(တနင်္လာနေ့)

- ၁။ ၀၉:၄၅ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
- ၂။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
- ၃။ ၁၂:၄၅ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ ပညာအမွေ
- ၄။ ၁၆:၁၅ Countries of the World
- ၅။ ၂၁:၃၅ Knowledge Note

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ အဌမအကြိမ် ဒါနဥပပါရမီစုပေါင်းမေတ္တာ သွေးလှူဒါန်းပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ၏အဌမအကြိမ်ဒါနဥပပါရမီစုပေါင်းမေတ္တာသွေးလှူဒါန်းပွဲကို ဩဂုတ်လ ၁၀ ရက်တွင် အဆိုပါစေတီတော်ဆိပ်ကမ်း လုပ်သားပေါင်းစုံဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးစိန်သန်းက သွေးလှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဝမ်းသာပီတိစကားပြောကြားပြီး ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးလှူဌာနမှ ဒေါက်တာသန္တာက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းကြမည့် စေတီတော်ဂေါပကအဖွဲ့ရုံးမှ ဝန်ထမ်းများနှင့်ဘုရားဖူးလာ သွေးလှူရှင်ပြည်သူများကို အမျိုးသားသွေးလှူဌာနမှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများစစ်ဆေးပေးခြင်းတို့ကိုဆောင်ရွက်ပေးကြပြီး ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့်ဘုရားဖူးလာသွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

လာရောက်သွေးလှူဒါန်းကြသည့် သွေးလှူရှင်များကို စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ တီရှပ်အင်္ကျီများ၊အလှူရှင်များက အအေး၊ ကြက်ဥ၊ ငှက်ပျောသီး၊ နွားနို့ စသည့်အာဟာရဖြည့်အစားအစာများ၊ အမျိုးသားသွေးလှူဌာနမှ သံဓာတ်အားဆေး စသည်တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**လင်းခန့်**

## ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ ခရိုင်အဆင့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ဒဂုံခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဒဂုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်မှုအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၉ ရက်က ဒဂုံ(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက် ရာဇဓိရာဇ်လမ်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ သင်ထောက်ကူပစ္စည်းအဖြစ် ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း သင်ရိုးညွှန်းတမ်းစာအုပ် ၃၀၊ သုံးထောင့်ပတ်တီး ၃၀ တို့ကို တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်အောင်က ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမော်က လက်ခံရယူသည်။

အဆိုပါသင်တန်းကို ဒဂုံခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး ဩဂုတ်လ ၁၀ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ပင်လောင်းမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေး

ပင်လောင်း ဩဂုတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အကြိုလူငယ်စကားဝိုင်းကို ဩဂုတ်လ ၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဆလိုင်းမြင့်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမြစောက လူငယ်စကားဝိုင်းကျင်းပရသည့်ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ Grade– 8 မှ မထက်ထက်အောင်က လူငယ်နှင့်စည်းကမ်း၊ Grade – 10 မှ မူကေသရီစိုးက လူငယ်နှင့်တာဝန်၊ Grade – 11 မှ မဟန်နီငြိမ်းက လူငယ်နှင့်စာအုပ်စာပေ၊ Grade–11 မှ ခွန်မိုးကောင်းကင်က လူငယ်နှင့်အားကစား၊ Grade–12 မှ စိုင်းအောင်မျိုးချစ်က လူငယ်နှင့်ကိုယ်ကျင့်တရားခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် ခေါင်းစဉ်အသီးသီးမှ ဆွေးနွေးချက်များအပေါ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမြစောနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအားကစားမှူး ဒေါ်မူစန်းစန်းအေးတို့က ပါဝင်ဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။



**ချမ်းမြေ့**

# ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများ၌ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသော ခဝဲသီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း ကျေးရွာများ၌ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသောခဝဲသီးများ အောင်မြင်ဖြစ်ထွန်းကာ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်း ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာနှင့် စားဖိုဆောင်သီးနှံများ စသည်ဖြင့် သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ယခုအခါ တချို့ကျေးရွာများ၌ မိသားစုအပိုဝင်ငွေရရှိစေရန် ခဝဲပင်များကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ထိုဒေသ၌ ခဝဲပင်များကို အစိုဓာတ်ကောင်းမွန်သော ဖွန်လနှင့်ဇူလိုင်လတို့တွင် အများဆုံးစိုက်ပျိုးကြပြီး နှစ်လခွဲခန့်အကြာတွင် ရောင်းတမ်းဝင် ခဝဲသီးများ စတင်ခူးဆွတ်ရောင်းချကြသည်။ ယခုနှစ်မိုးရာသီတွင် မိုးရေလုံလောက်စွာရရှိသည့်အတွက် ယင်းဒေသ၌ စိုက်ပျိုးထားသော ခဝဲပင်များ အောင်မြင်ဖြစ်ထွန်းသည့်အတွက် မကြာမီ ခဝဲသီးများ လှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်သည်။


စိုက်ပျိုးရာတွင် ခဝဲရှည်(ထိုင်ဝမ်)မျိုးနှင့် ခဝဲပု(ဗမာ)မျိုးတို့ကို အများဆုံးစိုက်ပျိုးကြပြီး ခဝဲပင်များကို ဘောင်ခတ်၍ စင်တင်စနစ်ဖြင့်စိုက်ပျိုးကြကာ တစ်ကေလျှင် မျိုးစေ့ငါးထုပ်ခန့် အသုံးပြုရကြောင်း၊ ခဝဲတစ်ကေအတွက် မျိုး၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၅ သိန်းဝန်းကျင်ကုန်ကျကြောင်း၊ တစ်ကေလျှင် ခဝဲသီးပိဿာချိန် ၂၀၀၀ ခန့်ထွက်ရှိပြီး ကုန်သည်၊ ပွဲစားများသည် စိုက်ခင်းများသို့ လာရောက်ဝယ်ယူကြသည့်အပြင် တောင်သူများကလည်း ကျောက်ဆည်မြို့ပေါ်သို့ တိုက်ရိုက်တင်ပို့ရောင်းချကြကြောင်းနှင့် နှစ်စဉ် ခဝဲစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြပြီး မိသားစုအပိုဝင်ငွေရရှိကြကြောင်း သိရသည်။

**ဆောင်းဦး**



# မြေလျှိုးမိုးရေ

ကျော်ဦး



မိုးရေစီးဆင်းလာရာလမ်းကြောင်းတွင် တမံနိမ့်များဖြင့်ပိတ်၍ မြေအောက်သို့ စိမ့်ဝင်စေနိုင်သည်။

ရေသောက်တိုင်း စမ်းချောင်းကလေးကိုသတိရပါ
**တရုတ်စကားပုံ**

လူ့ကိုယ်ခန္ဓာပြင်ပအစိတ်အပိုင်းများ အနာတရဖြစ်လျှင် အလွယ်တကူသိကာ ဆေးဝါးကုသမှုခံယူပြီး ကျန်းမာရေး မယိုယွင်းအောင် ထိန်းသိမ်းနိုင်ကြသော်လည်း မမြင်နိုင်သောကိုယ်တွင်းအင်္ဂါများ ချို့ယွင်းလျှင် အများအားဖြင့်အချိန်ကြာမှ သိပြီး ကုသရခက်ခဲသည်တို့ကို မကြာခဏ ကြုံကြရသည်။ ထို့အတူလူတို့သောက်နေသုံးစွဲနေသော ရေအရင်းအမြစ်များ အနက် မြစ်ချောင်းကန်တို့ထဲရှိ မြေပေါ်ရေများလျော့နည်းလာလျှင် ပြန်ဖြည့်ရန် အနေးနှင့်အမြန် အားထုတ်ကြသော်လည်း မြေအောက်ရေများ လျော့နည်းလာနေသည်ကိုမူ ကန်ရေခန်းခြောက်သကဲ့သို့ မမြင်သာသဖြင့် အရေးတယူမရှိခဲ့သောကြောင့် ကမ္ဘာ့အချို့ဒေသများရှိ မြေအောက်ရေအရင်းအမြစ်သည် စိုးရိမ်ရသောအခြေအနေသို့ ရောက်နေပြီဖြစ်သည်။

## ခန်းခြောက်ရေကြောများ

ဂြိုဟ်တုတိုင်းတာချက်များက ကမ္ဘာ့မြေအောက်ရေကြော အများအပြား ခန်းခြောက်လာလျက်ရှိကြောင်းဖော်ထုတ်ပေးခဲ့ရာ အိန္ဒိယတိုက်ငယ် အနောက်မြောက်ပိုင်း အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံနယ်နိမိတ်ချင်းထိစပ်ရာဒေသရှိ ရေကြောသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်ကြားတွင် တစ်နှစ်လျှင် ၄ ကုဗမိုင်ကျော် (ဂါလန်သန်းပေါင်း ၃၇၀၀၀၀၀) မျှ လျော့နည်းလာနေခဲ့ကြောင်း သိရသည်။ အလားတူ အာဖရိကတိုက် ဆာဟာရ အနောက်မြောက်ဒေသ၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအလယ်ပိုင်းချိုင့်ဝှမ်းနှင့်အနောက်ပိုင်း အိုဂါလာလာရေကြော၊ အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ ဥရုဂွေးနိုင်ငံတို့၏အောက်ရှိ ဂွာရာနီ ရေကြော၊ အီရတ်၊ ဂျော်ဒန်၊ အိုမန်၊ ဆော်ဒီ၊ ကာတာ၊ ယူအေအီး၊ ယီမင်နိုင်ငံတို့ အောက်ရှိ အာရေးဗီးယားရေကြော၊ တရုတ်နိုင်ငံမြောက်ပိုင်း ရေကြောတို့သည်လည်း လျော့နည်းလာနေသည်။ မြန်မာနိုင်ငံ၌ ရန်ကုန်အပါအဝင် ဒေသအချို့တွင် အဝီစိတွင်းများရေနည်းလာသည်ကို တွေ့နေရသည်။

## အရည်အသွေးပါထိခိုက်

ထိုသို့ဖြစ်ရခြင်း၏အဓိကအကြောင်းရင်းမှာ လူတို့ထုတ်ယူသုံးစွဲမှုများလွန်းလာ၍ဖြစ်သည်။ ကမ္ဘာ့သောက်သုံးရေ၏ ထက်ဝက်နီးနီး စိုက်ပျိုးရေ၏ ၄၃ ရာခိုင်နှုန်းသည် မြေအောက်ရေများဖြစ်ကြရာ လူဦးရေများလာ၊ တစ်ဦးချင်း ရေသုံးမှုများလာသဖြင့် မြေအောက်ရေသုံးစွဲမှုသည် ၁၉၆၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြား နှစ်ပေါင်း ၅၀ အတွင်း သုံးဆမျှ တိုးမြင့်လာခဲ့သည်။ အလွန်အကျွံထုတ်ယူမှုကြောင့် မြေအောက်ရေမျက်နှာပြင်နိမ့်ကျခြင်း၊ အဝီစိတွင်းများ ခန်းခြောက်ခြင်း၊ ဆားငန်ရည်တိုးဝင်လာခြင်းတို့ကို ကြုံတွေ့နေရသည်။ အထုတ်လွန်ခြင်းက မြေအောက်ရေပမာဏကိုသာ ထိခိုက်စေသည်မဟုတ် အချို့နေရာများတွင် အရည်အသွေးကိုပါ သက်ရောက်မှုရှိနေသည်။ လူ့ကျန်းမာရေးကို ထိခိုက်စေသည့်အာဆင်းနစ်ကဲ့သို့သောဓာတ်များသည် မြေလွှာအချို့တွင် သဘာဝ အလျောက်ပါရှိသော်လည်း မြေအောက်ရေမျက်နှာပြင်အောက်၌ ရှိနေသမျှ ရေတွင်ပျော်ဝင်ခြင်းမရှိချေ။ ရေအထုတ်လွန်၍ မြေအောက်ရေပြင်နိမ့်ဆင်းသွားသောအခါ မြေလွှာထဲရှိအာဆင်းနစ်သည် မြေအောက်ရှိ အောက်ဆီဂျင်ဓာတ်နှင့် ထိတွေ့ဓာတ်ပြုကာ ရေတွင်ပျော်ဝင်သွားပြီး သောက်မိသူများကို အန္တရာယ်ပြုသည်။ မြေအောက်ရေပိုထုတ်လေ မြေလွှာများထဲမှအာဆင်းနစ်များ ရေတွင်ပျော်ဝင်အန္တရာယ်ပြုနိုင်သည့် အခွင့်အလမ်းပိုများလေဖြစ်သည်။ အလားတူ မြေအောက်ရေပိုထုတ်လေ ဆားငန်ရည် ပို၍တိုးဝင်လာလေဖြစ်သည်။ ရေဆုံးရှုံးမှု အလွန်အမင်းဖြစ်လာလျှင် မြေပြင်နိမ့်ကျကျွံဝင်မည်။

## ရန်ကုန်မြေပြင်နိမ့်ကျမှု

ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ်နှင့် မြန်မာနိုင်ငံမြေလျှင်ကော်မတီမှ ပညာရှင်များက ဂြိုဟ်တုနည်းပညာများကိုအခြေခံကာ စုပေါင်းပြုစုပြီး ၂၀၁၄ ခုနှစ်ကထုတ်ပြန်ခဲ့သော "ရန်ကုန်မြေလွှာရွေ့လျားမှုဆန်းစစ်ချက်" စာတမ်းတွင် "ဒဂုံတက္ကသိုလ်ဝင်းနှင့် အရှေ့ဒဂုံစက်မှုဇုန်ကြားရှိ မြေထုသည် တစ်နှစ်လျှင် နှစ်လက်မနှုန်းကျော်ကျော်ဖြင့်နိမ့်ဆင်းလျက်ရှိပြီး ထိုသို့နိမ့်ဆင်းမှု၏ အကြောင်းရင်းသည် မြေအောက်ရေ အလွန်အကျွံထုတ်ယူမှုကြောင့် ဖြစ်နိုင်ကြောင်း၊ ရန်ကုန်မြို့၏အခြားအပိုင်းများတွင်လည်း မြေအောက်ရေထုတ်ယူမှုကြောင့် ယင်းသို့ မြေပြင်နိမ့်ကျမှုများ ဖြစ်ပေါ်နေနိုင်သော်လည်း တိကျသောတိုင်းတာမှုများမရှိသဖြင့် အသေအချာပြောရန်ခက်ကြောင်း၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် ယင်းအချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း"စသဖြင့် ဖော်ပြသတိပေးထားသည်။

လူတို့သုံးစွဲခြင်းအပြင် ကမ္ဘာနှင့်ချီ၍ ပြောင်းလဲဖောက်ပြန်လာသော ရာသီဥတုကြောင့် မြေပေါ်ရေကောင်းရေသန့် အရင်းအမြစ်များ လျော့နည်းကာ ညစ်ညမ်းလာလျက်ရှိသဖြင့် မြေအောက်ရေကို ပိုသုံးလာနေကြခြင်းသည် မြေအောက်ရေနှင့်ပတ်သက်၍ အထူးသတိထားသုံးစွဲရန် လိုအပ်နေသည်။


## ပြန်ဖြည့်ပေးနိုင်

မြေအောက်ရေ လျော့နည်းမှုသည် ဆေးမမီတော့ခြင်းမဟုတ်ဘဲ အချက်နှစ်ချက်ကြောင့် ကုစား၍ ရနိုင်သေးသည်။ ပထမအချက်မှာ မြေအောက်ရေထုထည်ပမာဏသည် အလွန်ကြီးမားလှခြင်းကြောင့် လူတို့အသုံးမချရသေးသောရေကြောများကို ရှာဖွေထုတ်ယူနိုင်သေးသည်။ ဒုတိယနှင့်ပိုအရေးကြီးသော အချက်မှာ ပြန်လည်ဖြည့်တင်း၍ ရခြင်းဖြစ်သည်။

မြေအောက်ရေကို ပြန်လည်ဖြည့်တင်းရန် ရေကြောရှိသည့်နေရာနှင့် သိုလှောင်ပမာဏ၊ ယင်းရေကြောသို့ မြေပေါ်မှ ရေစီးဆင်းစိမ့်ဝင်နိုင်သည့်လမ်းကြောင်းတို့ကို ဇလဘူမိဗေဒပညာရှင်များက ရှာဖွေထုတ်ဖော်ပေးနိုင်သည်။ အချက်အလက်စုံလင်စွာရသည့်အခါ အခြေခံအဆောက်အဦများ တည်ဆောက်ကာ မိုးရွာချိန်၌ မည်သို့မျှမသုံးမစွဲရဘဲ အလဟဿစီးဆင်းပြီး နောက်ဆုံး ပင်လယ်ထဲရောက်သွားသည့်မိုးရေများကိုစိမ့်ဝင်စေခြင်းဖြင့် ပြန်လည်ဖြည့်တင်းနိုင်သည်။



မိုးရေကို ကန်ငယ်များဖြင့်လှောင်ထားပြီး မြေအောက်သို့စိမ့်ဝင်စေသည်။




မိုးရေလှောင်ကန်ဖြင့် မြေအောက်ရေဖြည့်တင်းပုံ။

နမူနာအနေဖြင့်အိန္ဒိယနိုင်ငံကျေးလက်အချို့၏လုပ်ဆောင်ချက်ကို ကြည့်နိုင်သည်။ မိုးကုန်လျှင် ရေမစီးတော့သော ချောင်းခြောက်များ၌ မူလချောင်းကြမ်းပြင်ထက် ပို၍နက်အောင်တူးကာ လူလုပ်ရေကန်ငယ်များ ဖန်တီးသည်။ တူး၍ထွက်လာသော မြေစာတို့ကို ချောင်းကမ်းပါးနှစ်ဖက်နှင့်ကန်၏ထိပ်တွင် ဖို့ပြီး ရေလှောင်ဧရိယာအတွင်းသို့ အမှိုက်နှင့်နုန်းများ မဝင်အောင်ကာသည်။ မိုးပြတ်သွားသည့်နောက်တွင် မိုးရေများကန်ထဲ၌ ဆက်ရှိနေကာ မြေအောက်သို့ ဖြည်းဖြည်းချင်းစိမ့်ဝင်ပြီး မြေအောက်ရေကြောများကို ဖြည့်ပေးသည်။ ထိုသို့ဖြည့်ပေးနိုင်သဖြင့် အနီးရှိ ရေတွင်းများသည် ခန်းနေကျအချိန်တွင် မခန်းတော့ဘဲ စိုက်ပျိုးရေ၊ သောက်သုံးရေများကို ထုတ်ယူနိုင်သည်။ ယင်းကန်များကို အိန္ဒိယနိုင်ငံတွင် "ဒို"ဟုခေါ်ကြသည်။ "ဒို" များသည် အများအားဖြင့် ၄ ပေအနက်၊ ပေ ၂၀ အကျယ်၊ အလျားပေ ၁၀၀ ခန့် အထိရှိသည်။ ပျမ်းမျှရေကုဗပေ ၁၄၀၀၀ ခန့်အထိ ရေထိန်းထားပြီး မြေအောက်သို့ စိမ့်ဝင်စေနိုင်သည်။

"ဒို"များကဲ့သို့ ရေစိမ့်ဝင်စေရန်ရည်ရွယ်ချက်ဖြင့် လုပ်မထားသော်လည်း ကန်ရေများသည် ဘေးပတ်ဝန်းကျင် မြေအောက်ရေကြောများကို သဘာဝအလျောက် ရေဖြည့်ပေးနေကြသည်။ ဥပမာ-အင်းယားကန်ရေသည် ပြည်လမ်းမအနောက်ဘက်ခြမ်းရှိမြေအောက်ရေကြောထဲသို့စိမ့်ဝင်ကာ အဝီစိတွင်းအချို့ကို ရေဖြည့်ပေးနေခြင်းမျိုးဖြစ်သည်။

သစ်ပင်နည်းပါးသော ကတုံးဖြစ်လုလု တောင်ကုန်းများ၊ သစ်ပင်မရှိတော့သော တောင်ကတုံးများတွင် အမြင့်မှစီးကျလာသောရေများ၏လမ်းကြောင်းကို ကန့်လန့်ခံ၍ ရေပြင်ညီလှေကားထစ်သဖွယ် မြောင်းများကို တစ်ခုနှင့်တစ်ခုချိတ်ဆက်၍ ဝက်ပါသဖွယ် ဖောက်လုပ်ထားလျှင် အမြင့်မှစီးကျလာသောရေသည်လှေကားထစ်ရေလမ်းဝက်ပါအတိုင်း ဘယ်မှညာ၊ ညာမှဘယ်တစ်ထစ်ပြီးတစ်ထစ် ဆင်းလာရင်းဖြင့် ရေစီးတုံ့နှေးသွားသည်သာမက မြေအောက်သို့စိမ့်ဝင်ချိန်လည်း ပိုရသွားသည်။ ရေစီးနှေးသဖြင့် ကုန်းမြေတိုက်စားခံရမှုသက်သာလာသည်။ ရေရှိနေခြင်းကြောင့် ရေပြင်ညီမြောင်းဝန်းကျင်တွင်

စာမျက်နှာ ၁၂ သို့➤


| ကမ္ဘာ့မြေအောက်ရေကြောများ၏ရေလျော့နည်းမှုအခြေအနေ | | |
|---|---|---|
| မြေအောက်ရေကြောအမည် (နိုင်ငံ) | မြေအောက်ရေလျော့နည်းမှု (တစ်နှစ်လျှင်ကုဗမိုင်) | ကာလအပိုင်းအခြား |
| ဆာဟာရအနောက်မြောက် (အယ်လ်ဂျီးရီးယား၊ လစ်ဗျား၊ တူနီးရှား) | ၀.၇ | ၂၀၀၃ - ၂၀၁၃ |
| ကယ်လီဖိုးနီးယားအလယ်ပိုင်းတောင်ကြား (အမေရိကန်) | ၀.၇၅ | ၂၀၀၃ - ၂၀၁၀ |
| အိုဂါလာလာ (အမေရိကန်) | ၃.၀ | ၂၀၀၃ - ၂၀၁၃ |
| ဂွာရာနီ (အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ ဥရုဂွေး) | ၀.၂ | ၂၀၀၃ - ၂၀၀၉ |
| အရှေ့အလယ်ပိုင်းမြောက်ဘက် (အီရတ်၊ အီရန်၊ ဆီးရီးယား၊ တူရကီ) | ၃.၁ | ၂၀၀၃ - ၂၀၀၉ |
| အာရေးဗီးယား (အီရတ်၊ ဂျော်ဒန်၊ အိုမန်၊ ဆော်ဒီ၊ ကာတာ၊ ယူအေအီး၊ ယီမင်) | ၃.၇ | ၂၀၀၃ - ၂၀၁၃ |
| အိန္ဒိယအနောက်မြောက် (အိန္ဒိယ၊ ပါကစ္စတန်) | ၄.၂ | ၂၀၀၂ - ၂၀၀၈ |
| တရုတ်မြောက်ပိုင်းလွင်ပြင် (တရုတ်) | ၂.၀ | ၂၀၀၃ - ၂၀၁၀ |
| ကန်းနင်းချိုင့်ဝှမ်း (သြစတြေးလျ) | ၀.၉ | ၂၀၀၃ - ၂၀၁၃ |

➤ စာမျက်နှာ ၁၁ မှအဆက်
သစ်ပင်ပန်းပင်များ ပေါက်ရောက်နိုင်သည်။ အနီးဝန်းကျင်ဒေသများတွင် မြစ်ရေချောင်းရေ ပို၍ကြည်လင်လာသည်၊ မြေအောက်ရေပြင်တက်လာသဖြင့် စိမ့်ရေ၊ စမ်းရေများ ပိုထွက်လာသည်။

အချို့နေရာများတွင် မြစ်ချောင်းရေပြင်သည် ကမ်းဘေးမြေသားအောက်ရှိ မြေအောက်ရေပြင်ထက်နိမ့်ရာ မြေအောက်ရေများ မြစ်ထဲသို့ စီးဝင်ကြသည်မျိုးလည်းရှိသည်။ ယင်းနေရာမျိုးတွင် မြေအောက်ရေခန်းပါက မြစ်ရေသည်လည်း လိုက်၍လျော့နည်းသည်။ သို့မဟုတ် သဲနုန်းများအနည်ထိုင်လာသဖြင့် မြင့်တက်လာသော မြစ်ကြမ်းပြင်သည် မြေအောက်ရေပြင်ထက်မြင့်သွားသောအခါ မြစ်ထဲသို့မြေအောက်ရေစီးဝင်မှု လျော့နည်းရသည်။ ထို့ကြောင့် မိုးရေများကို အလဟဿစီးဆင်းဆုံးရှုံးစေမည့်အစား မြေအောက်သို့စီးဝင်စေခြင်းဖြင့် မြစ်ရေစီးကို ထိန်းသိမ်းနိုင်သည်။

**ရေစိမ့်တွင်း**

မိုးရေကို ကန်တစ်ခုထဲ၌ သိုလှောင်ထားပြီး ကန်အလယ်တွင် ရေစိမ့်တွင်းတည်ဆောက်ကာ ယင်းတွင်းမှတစ်ဆင့် မိုးရေများကို မြေအောက်ရေကြောထဲ ဝင်စေသောနည်းဖြင့်လည်း မြေအောက်ရေကြောကိုပြန်ဖြည့်ပေးနိုင်သည်။ ရေစိမ့်တွင်းများသည် ၃ ပေမှ ၆ ပေအထိ အချင်းရှိပြီး မြေအောက်ရေကြောတည်နေရာကိုလိုက်၍ အများအားဖြင့် ပေ ၂၀ ခန့်နက်ကြသည်။ ပေ ၂၀ ထက်ပိုနက်သောရေကြောများကို ဖြည့်ပေးသည့်တွင်းများ တူးနိုင်သော်လည်း ကုန်ကျစရိတ်သည် အနက်ပေကိုလိုက်၍ များလာသည်။



ရေစိမ့်တွင်းတစ်ခု၏ဖြတ်ပိုင်းပုံ။


မိုးရေလှောင်ကန်အလယ်မှ ရေစိမ့်တွင်း။


တွင်းကို ဆန်ခါပိုက်နှစ်ထပ်ဖြင့် တည်ဆောက်သည်။ ဆန်ခါပိုက်များကြားတွင် ကျောက်စရစ်များ ထည့်ထားသည်။ ကန်ထဲရှိ ရေများတွင်းထဲသို့ တိုက်ရိုက်မဝင်နိုင်အောင် ပိုက်ကိုရေပြင်ပေါ် ၃ ပေခန့်ဖော်ထားသည်။ တွင်းရှိရာသို့ စုဝင်လာသောကန်ရေထဲတွင်ပါသည့် အမှိုက်နှင့်အနည်များ မြေအောက်ရေကြောထဲမရောက်စေရန် ကျောက်စရစ်က စစ်ပေးသည်။ ၃ ပေအချင်း၊ ပေ ၂၀ အနက်ရှိ ရေစိမ့်တွင်းတစ်ခုသည် တစ်နှစ်မိုးရေချိန် လက်မ ၄၀ ခန့်ရှာသောဒေသ၌ ရေဂါလန် နှစ်သိန်းခန့်အထိ မြေအောက်သို့စိမ့်ဝင်စေနိုင်သည်။ အမေရိကန်ဒေါ်လာ ၅၀၀၀ မှ ၁၀၀၀၀ ကြား ကုန်ကျသည်။

အချို့နေရာများတွင် အသုံးမပြုတော့သည့်အဝီစိတွင်းများကိုရေစိမ့်တွင်းများအဖြစ်ပြောင်းလဲကာ မြေအောက်ရေဖြည့်တင်းပေးသည်။ မိုးရေများကို ကန်တစ်ခုထဲ၌ စုဆောင်းသိုလှောင်ကာ အဝီစိတွင်းထဲသို့ ရေစုပ်စက်ဖြင့်ပြန်လည်မှုတ်သွင်းသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်တစ်ခုတွင် မိုးရေများကို တစ်ရက်လျှင် ဂါလန် ၅၀၀၀၀ နှုန်းဖြင့် ရက်ပေါင်း ၂၅၀ ကြာမျှ မှုတ်သွင်းခဲ့သည်။ ယင်းတွင်းနှင့် ပေ ၅၀၀ အကွာရှိ အသုံးပြုနေဆဲ အဝီစိတွင်းတွင် ရေမျက်နှာပြင်သည် ၃ ပေမျှ မြင့်တက်လာခဲ့ကြောင်း တွေ့ခဲ့ရသည်။

ရေစိမ့်ကန်များ၊ ရေစိမ့်တွင်းများဖြင့် မြေအောက်ရေကြောများကို ဖြည့်ပေးခြင်းသည် မြေအောက်ရေလှောင်ကန်များ တည်ဆောက်အသုံးပြုခြင်းပင်ဖြစ်သည်။ မြေအောက် ရေလှောင်ကန်များသည် မြေပေါ်ကန်များကဲ့သို့ တည်ဆောက်စရိတ်မများ၊ ဂေဟစနစ်ကိုမထိခိုက်၊ ရေကြီးရေလျှံမှုကြောင့် ကန်ထဲရေဝင်ပျက်စီးခြင်းမျိုးမရှိ၊ စိုက်ပျိုးခင်းနှင့် လူနေအိမ်များပြောင်းပေးရန်မလို၊ ငလျင်ဒဏ်ကြောင့်ကန်ကျိုးပေါက်ခြင်းမရှိနိုင်၊ အငွေ့ပြန်၍ရေမဆုံးရှုံး စသည့်အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းပေါ်ပေါက်စေသည်။

မြေအောက်ရေသိုလှောင်ရာ၌ သတိပြုရမည့်အချက်များမှာ စိမ့်ဝင်မည့်ရေသည် တတ်နိုင်သမျှ အနည်အမှုန်ကင်းရန်လိုသည်။ အမှုန်များပါက ရေကြောပိတ်နိုင်သည်။ ထို့ပြင် စိမ့်ရေသည်အန္တရာယ်ရှိ ဓာတုပစ္စည်းကင်းစင်ရမည်။ မြေပြင်နှင့်ကပ်နေသောရေကြောကို ဖြည့်မိပါက ရေဝပ်ခြင်းကြောင့် မြေဆီလွှာပျက်စီးတတ်သည်။

ရေစိမ့်ကန်များ၊ ရေစိမ့်တွင်းများဖြင့်သာ မြေအောက်ရေကိုပြန်လည်ပြည့်စေနိုင်သည်မဟုတ်၊ မိမိတို့တွင်ခြံသို့မဟုတ် မြေပိုအနည်းငယ်မျှရှိလျှင် ယင်းမြေပိုကို တတ်နိုင်သမျှ ကွန်ကရစ်ရေပိတ်လွှာမလောင်းဘဲ သဘာဝအတိုင်းထားရှိခြင်းဖြင့်လည်း မြေအောက်ရေကို ပြည့်နေစေကာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် အကူအညီပေးနိုင်ကြသည်။ ။



ရေစိမ့်တွင်းဖြင့် မြေအောက်ရေဖြည့်တင်းပုံ။

## မြန်မာအသင်း အုပ်စုနောက်ဆုံးပွဲတွင် အိန္ဒိယအသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ခြေစစ်ပွဲမအောင်မြင်

ရန်ကုန် ဩဂုတ် ၁၀

၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(D)နောက်ဆုံးနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းမရှိပေ။



မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းကို အနိုင် သို့မဟုတ် သွင်းဂိုးရရှိပြီး သရေကစားနိုင်ပါက ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ အိန္ဒိယအသင်းသည် ပထမပိုင်းတွင်သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အိန္ဒိယအသင်းထက်ပင် ခြေစစ်ပွဲအောင်မြင်ခွင့် ပိုများသော်လည်း ကစားသမားများအနေဖြင့် စိုးရိမ်စိတ်များနေပြီး ပွဲစကတည်းက အမှားများခဲ့သည်။ တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေသည့်အပြင် အိန္ဒိယအသင်းခံစစ်ကိုမကျော်နိုင်သဖြင့် ထိရောက်သည့်ဂိုးသွင်းခွင့်မရဖြစ်နေသည်။ နိုင်ပွဲရမှ ခြေစစ်ပွဲအောင်မြင်မည့် အိန္ဒိယအသင်းသည် မြန်မာအသင်းကို အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး ၂၇ မိနစ်တွင် ပူဂျာက တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းသော်လည်း တိုက်စစ်ကစားပုံ လိုအပ်ချက်များရှိနေသဖြင့် ချေပဂိုးနှင့်ဝေးခဲ့ရသည်။

ခြေစစ်ပွဲအပြီးတွင် အိန္ဒိယအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက ရမှတ် ငါးမှတ်၊ မြန်မာအသင်းက ရမှတ် လေးမှတ်ရရှိကာ တာ့ခ်မင်နစ္စတန်အသင်းမှာမူ သုံးပွဲစလုံးရှုံးပြီး အမှတ်မရခဲ့ပေ။

သတင်း-ကိုညီလေး
ဓာတ်ပုံ-စိုးညွန့်သော်

## ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒလမြို့နယ်ဦးစီးမှူးရုံးမှ ယမန်နေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အခြေခံပညာကျောင်းများ၌ အသက် ၁၂ နှစ်မှအသက် ၁၆ နှစ်အတွင်းရှိ မှတ်ပုံတင်ကိုင်ဆောင်ထားခြင်း မရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦး၏ ကြီးကြပ်စီမံမှုဖြင့် ဝန်ထမ်းများက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၂ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ရရှိစေရန် စိစစ်ဆောင်ရွက်ပေးကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းထွန်းမော်နှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အဆိုပါပန်းခင်းစီမံချက်အဆင့်(၃)ကို ဇန်နဝါရီလ ၁ ရက်မှစတင်၍ အောက်တိုဘာလ ၃၁ ရက်အထိ လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ဆောင်ပုဒ်နှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

### သဇင်(FM)အသံလွှင့်အစီအစဉ် ၁၁-၈-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

# နိုင်ငံတော်ဖွံ့ဖြိုးရေး ဘက်စုံပညာရေးကိုအားပေးစို့

ထက်ဝေအောင်(စစ်ကိုင်း)

လူထဲကလူ သိပ်တော်သောလူတစ်ယောက်ဖြစ်လိုလျှင် ပညာလေ့လာသင်ကြား အားထုတ်ရမည်ဖြစ်သည်။ ပညာသည် ဦးနှောက်ကို ကောင်းစွာအလုပ်ပေးနိုင်သဖြင့် စဉ်းစားတွေးခေါ်မှု၊ ဉာဏ်ရည်ဉာဏ်သွေး သာလွန်ထက်မြက်စေသည်။ စွမ်းရည်ပြည့်ဝသောလူ့အသိုက်အဝန်းတစ်ရပ်ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် လူတစ်ဦးချင်းစီ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းသည် လွန်စွာအရေးပါလျက်ရှိသည်။ လူ့ဘဝတစ်လျှောက်တွင် အခက်အခဲဆုံးသော အလုပ်များဖြင့် ပြည့်နှက်နေလေ့ရှိပြီး လောကဓမ္မ၊ လောကဓံတရားများနှင့် ရင်ဆိုင်ကြရာတွင် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြေရှင်းဆောင်ရွက်နိုင်ရေးမှာမူ အရေးကြီးလှပေသည်။

> “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”ကြွေးကြော်မှုသည် ပညာရည်အဆင့်အတန်းမြင့်မားမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်မည့် ယုံကြည်ချက်ကို ကိုယ်စားပြုပေသည်။ လူ့စွမ်းအားအရင်းအမြစ်ကောင်းကို မွေးထုတ်ပေးနိုင်မှုကိုလည်း အထောက်အကူပြုစေသည်။ အလားတူ ပညာရေးသည် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး အစရှိသော. . .

သက်ဝင်လှုပ်ရှားမှုရှိသော ပြောင်းလဲမှုများကို ခံနိုင်ရည်ရှိရှိဖြင့် ဖြေရှင်းဆောင်ရွက်၍ ဘဝကို ထူထောင်ကြရသည်။ ဘဝရပ်တည်ရေးအတွက် ငွေကြေးသည် ဝင်သက်ထွက်သက်နှင့်အတူဖြစ်တည်လေ့ရှိသည်။ နေ့စဉ်ဘဝ ပိုက်ဆံငွေကြေးရရှိရေး ပုံစံမျိုးစုံ၊ အလုပ်မျိုးစုံ လုပ်ကိုင်ဆောင်ရွက်ကြရသည်။ ကာယ၊ ဉာဏ၊ လုံ့လပြု၍ ဘဝအခြေပြုကာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုပံ့ပိုးကူညီပေးကြသည်။ ကာယလုပ်သားကြီးများသည် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် ဝေးကွာခဲ့ရပြီး ခွန်အားဗလအရင်းအနှီးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရသည်။ ဉာဏလုပ်သားများမှာမူ အရိပ်အောက်တွင် ကိုယ်ခန္ဓာမပင်ပန်း တစ်ဖက်တစ်လမ်းမှ နိုင်ငံက အားထားကြရပေသည်။

ပညာရေးသည် ဘဝအဆင့်ဆင့်မြင့်မားရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပေသည်။ ပညာသင်ကြားရာတွင် အဆင်ပြေမှု၊ အဆင်မပြေမှုကြားမှ ခြေလှမ်းစတင်ရခြင်းဖြစ်သည်။ ဘဝအခက်အခဲနှင့် ပညာသင်ကြားမှုဖြစ်စဉ် ကွဲပြားစွာနားလည်သိရှိမှသာပညာပန်းတိုင် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဘက်စုံဖွံ့ဖြိုးရေးအတွက် ပညာရေးသည် ကဏ္ဍတစ်ခုအနေဖြင့် ထိပ်ဆုံးမှ ရပ်တည်နေလေ့ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအောင်မြင်ရေး၊ အဆောက်အအုံနှင့် လမ်းတံတားတည်ဆောက်ရေး၊ အိုင်တီနည်းပညာမြှင့်တင်ရေး၊ စက်မှုလုပ်ငန်းများအကောင်အထည်ဖော်ရေးအစရှိသောအရေးပါသည့် နယ်ပယ်အသီးသီးတွင် ပညာ၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိရမည်ဖြစ်သည်။

ဘဝအုတ်မြစ်ခိုင်ခံ့အောင် တည်ဆောက်ကြရာတွင် ပညာရေးသည် အခြေခံအကျဆုံးဖြစ်သည်။ ကျောင်းတွင်းပညာသင်ယူခြင်းကို အစပြု၍ ဘဝကို ပိုမိုတောက်ပအောင် ဆောင်ရွက်ကြရပေသည်။ ပညာအရင်းအနှီးကြီးမားလှသည်။ သင်ယူနိုင်စွမ်းရှိသလောက် ဦးနှောက်ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေသည်။ ဖြတ်ထိုးဉာဏ်နှင့် ဗဟုသုတအထွေထွေ တိုးပွားရရှိစေရန် များစွာအထောက်အကူပြုသည်။ ပညာလိုအိုသည့်တိုင် သင်ယူနိုင်စွမ်းရှိသဖြင့် ပညာ၏အရေးပါမှုကိုသိရှိနိုင်ပေသည်။

ပညာရေးသည် နိုင်ငံတော်၏ မျှော်မှန်းချက်၊ အခြေခံအုတ်မြစ်ဖြစ်သည်။ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ စက်မှုပညာရပ်များကို လွယ်လင့်တကူသင်ကြားခွင့်ရရှိမှု ဦးတည်ချက်ထက်သာလွန်သော အလုပ်အကိုင်အခွင့်အလမ်းရရှိရေးပန်းတိုင်အထိရည်မှန်းထားပေသည်။ ပညာသင်ကြားသူတိုင်း အနာဂတ်အလင်းတန်းကို မြင်နိုင်ခွင့်ရှိသည်။ ပညာသင်ကြားရာတွင် သင်ကြားရသည့် ဘာသာရပ်တိုင်း အထူးချွန်ဆုံး၊ အထက်မြက်ဆုံးဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ အားနည်းချက်၊ အားသာချက်များကို မိမိကိုယ်တိုင်သိရှိပြီး ပြုပြင်ပြောင်းလဲနိုင်မှုအလိုက် ကောင်းမွန်သောအခြေအနေသို့ရောက်ရှိအောင် မနေးအမြန်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ပညာရေးနှင့် အလုပ်အကိုင် တွဲစပ်ဖော်ဆောင်သည့် ပညာရေးစနစ်တွင် ကျောင်းသား၊ ကျောင်းသူအားလုံး လိုက်ပါရမည်ဖြစ်သည်။ မိမိနှစ်သက်ရာ ဘာသာရပ်အလိုက်၊ ဝါသနာအလိုက်ရွေးချယ်ပြီး နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးအခန်းကဏ္ဍ၊ စက်မှုနည်းပညာကဏ္ဍသစ်များကို ပီပီပြင်ပြင်ဖွင့်လှစ်သွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ပညာခေတ်တွင် ပညာရှာဖွေရမည်ဖြစ်သည်။ ပညာရေး အလှမ်းမဝေးရအောင် အနာဂတ်ရင်သွေးများကို ပညာအမွေပေးရမည်ဖြစ်သည်။ ပညာရည်အဆင့်အတန်းမြင့်မားသော နိုင်ငံအများစုသည်ခေတ်မီဖွံ့ဖြိုးတိုးတက်ကြသည်၊ ပညာရေးအဆင့်မြင့်မားမှုမှတစ်ဆင့် တီထွင်ဆန်းသစ်မှုကိုဖြစ်စေသည်။ တိုးတက်မှုအရင်းခံ အခြေခံပညာရေးသည် အဓိကဖြစ်ပေသည်။ အနာဂတ်ကာလတွင် သာမန်ဘွဲ့တစ်ခုတည်းဖြင့် ရပ်တည်နိုင်ရေး ခက်ခဲလာနိုင်သည်။ ပညာခေတ်တွင် အကျုံးဝင်ပါဝင်မည့် ဘွဲ့လွန်ပညာ၊ ပါရဂူပညာတွေပါရရှိလာပြီး အခြားသူများထက် အဘက်ဘက်ကသာလွန်ရေး ကြိုးစားလုံ့လပြုရမည်ဖြစ်သည်။ ငယ်စဉ်အခါ ပညာရှာချိန်တွင် ဆရာ၊ ဆရာမများ သင်ကြားလမ်းညွှန်မှုကို ခံယူလျက် ရည်မှန်းချက်ကိုယ်စီ၊ ဘဝအိပ်မက်ကိုယ်စီဖြင့်ရှေ့သို့ ချီတက်ရမည်ဖြစ်သည်၊ ပညာသင်ကြားတတ်မြောက်ပြီးချိန်၌လည်း ဆင့်ကဲပညာများတိုးပွားရရှိအောင် စဉ်ဆက်မပြတ် ကြိုးစားကြရမည်ဖြစ်သည်။ ပညာသင်ကြားတပည့်ဘဝမှ ကိုယ်တိုင် ဆရာ၊ ဆရာမအဖြစ်လက်ဆင့်ကမ်းပညာသင်ကြားမျှဝေပေးနိုင်သည့် နိုင်ငံအားထား လူချွန်လူကောင်းများအဖြစ် ပါဝင်ခွင့်ရှိပေသည်။

မျက်မှောက်ကာလသည် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များပေါ်များလာစေရေး ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် သာတူညီမျှ ပညာသင်ကြားခွင့် အခွင့်အလမ်းများ ပိုင်ဆိုင်ရရှိနေချိန်ဖြစ်သည်။ နိုင်ငံတော်၏ အထူးပညာရေး မျှော်မှန်းဆောင်ရွက်မှုအဖြစ် ကျောင်းအပ်နှံရာတွင် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ အခမဲ့ရယူလျက် ကျောင်းသား၊ ကျောင်းသူကလေးများ ကျောင်းနေပျော်အောင် စွမ်းဆောင်မှုဖြစ်သည်။ ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူကလေးများ ပညာရေးတွင် ဆုံးခန်းတိုင်ပြီးမြောက်အောင် သင်ယူလျက် ပိုမိုကောင်းမွန်သောပညာရေးစနစ်ကို ဦးတည်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အခြေခံပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ယူပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများလည်း တစ်ပါတည်းလမ်းပွင့်သွားစေမည်ဖြစ်သည်။

အသိနှင့်ပညာသည် ယှဉ်တွဲတည်ရှိနေသည့် သဘောတရားဖြစ်သည်။ ပညာတတ်ဖြစ်အောင် ကျင့်ဆောင်ပြီး ဘဝကို တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာဖြင့် လူ့အရည်အချင်းပြောင်လက်အောင် စွမ်းဆောင်ရမည်ဖြစ်သည်။ နိုင်ငံ၏အနာဂတ်နှင့် ပညာရည်မြင့်မားရေးအခန်းကဏ္ဍသည် ထင်ရှားလင်းလက်တောက်ပနေရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် အရေးပါပြောင်မြောက်သည့် ပညာအရင်းအမြစ်ဖြင့် မှန်ကန်သောတွေးခေါ်ပုံ၊ အခက်အခဲမျိုးစုံ ကျော်လွှားနိုင်ပုံကို လက်တွေ့ကျကျသိရှိရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”ကြွေးကြော်မှုသည် ပညာရည်အဆင့်အတန်းမြင့်မားမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးအောင်စွမ်းဆောင်နိုင်မည့် ယုံကြည်ချက်ကို ကိုယ်စားပြုပေသည်။ လူ့စွမ်းအားအရင်းအမြစ်ကောင်းကို မွေးထုတ်ပေးနိုင်မှုကိုလည်း အထောက်အကူပြုစေသည်။ အလားတူ ပညာရေးသည် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး အစရှိသော ကဏ္ဍများကို အမှန်နှင့်အမှား လမ်းပြပေးနိုင်သည်။ မိသားစုနှင့် ဝန်းကျင်တစ်ခုလုံးကို ပညာပြည့်ဝနှလုံးလှအောင် စွမ်းဆောင်နိုင်စွမ်းရှိသည့် ပညာသင်ကြား၊ သင်ယူမှုဖြစ်စဉ်များကို ရပ်တန့်မပစ်ဘဲ ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြို့ရွာသန့်ရှင်းသာယာလှပစေရေး ကြည့်ရှုစစ်ဆေး

ပဲခူး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေးအတွက် တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၈ မြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်နေမှုအား ဩဂုတ်လ ၉ ရက်နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်း ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုအား လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ နန်းတော်ရာဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့်ရေထွက်ပေါက်များ ပြန်လည်စစ်ဆေးဖော်ထုတ်ဆောင်ရွက်ရန်၊ နန်းတော်အတွင်းပတ်လမ်းတစ်လျှောက် ပန်းအလှပင်များနှင့် အရိပ်ရပင်များအား ပြန်လည်အဆင့်မြှင့်တင်သွားရန်၊ အရိပ်ရသစ်ပင်များအောက်တွင် အပန်းဖြေအနားယူနိုင်ရန် ထိုင်ခုံများ တပ်ဆင်ထားရှိရန်၊ ဒေသထွက် MSMEs အစားအစာများ၊ လူသုံးကုန်ပစ္စည်းများနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ စနစ်တကျနေရာချထားပေးရန်၊ အမှိုက်ကင်းစင်၍ သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်သွားရန်တာဝန်ရှိသူများအား မှာကြားသည်။



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကားလမ်း(ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်များ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းသိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းသိကောင်းစရာ

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင်မှတစ်ဆင့်လည်းကောင်း

⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း

⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယ ရှိလျှင် အချိန်မီကုသမှု မခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  - * အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  - * အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  - * အိမ်သာမှ ဆင်းချိန်တိုင်း





- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါက လျင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည်သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ဓာတ်ဆားထုပ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။

→ ဓာတ်ဆားထုပ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက်ထဲသို့ ထည့်၍ဖျော်ပါ။

→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။

→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုပ် (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်

⇒ သကြား (၈)ဇွန်း

⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

ရောဂါ ပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)

2025 August (12) International Youth Day

“Local Youth Actions For The SDGs And Beyond”

“ လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့”

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဩဂုတ်လ ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ




မကွေး ဩဂုတ် ၁၀

ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် တိုင်းဒေသကြီးအားကစားကွင်းရှေ့၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စက်ဘီးစီးနင်းကြမည့် လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်က သေနတ်ပစ်ဖောက်ဖွင့်လှစ်ပေးခဲ့ပြီး စက်ဘီးစီးအားကစားသမားများက မကွေးမြို့အတွင်း တိုင်းအားကစားကွင်းရှေ့မှ တောင်တွင်းလမ်း - ငါးလမ်းသွယ်အဝိုင်းမှ ဗိုလ်ချုပ်လမ်း - နတ်မောက်လမ်း ထိုမှတစ်ဆင့် မြို့ပတ်လမ်း - ပညာရေးဒီဂရီကောလိပ်အဝိုင်းမှ တောင်တွင်းလမ်း-အဝေရာလမ်းမှတစ်ဆင့် တိုင်းအားကစားကွင်းသို့ စုပေါင်းစက်ဘီးစီးနင်းခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြိုဆိုခဲ့ကြပြီး စက်ဘီးစီးကစားသမားများကို ဗလာမပါငွေသားကံစမ်းမဲနှင့် စက်ဘီးဆုသုံးဆုကို မဲဖောက်ပေးခဲ့သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းပွဲတွင် ပါဝင်စီးနင်းခဲ့ကြသည့် စက်ဘီးစီးလူငယ်မောင်မယ်များအား ဗလာမပါငွေသားကံစမ်းမဲနှင့် စက်ဘီးဆုသုံးဆု အစီအစဉ်မှ စက်ဘီး၊ ပေါင်းအိုး၊ မီးပူ၊ ဒယ်နီ၊ ပန်ကာ၊ လျှပ်စစ်ရေနွေးအိုး၊ ထမင်းချိုင့်နှင့် ခေတ်ဘူးစသည်ဖြင့် ဆုမဲအသီးသီးကို ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် Micro မာရသွန်ပြိုင်ပွဲကို ဩဂုတ်လ ၁၁ ရက်**(ယနေ့)**တွင် တိုင်းဒေသကြီးအားကစားကွင်း၌ ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ

■ **ကျောဖုံးမှအဆက်**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့၊ မဒေါက်မြို့နှင့် ဘားအံမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန်နှင့် မိုးကောင်းမြို့အတွင်းရှိ ချောင်းကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့်ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာအချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။




အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။

ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာတိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

မြဝတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရှိ စပျစ်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စုရှိ စပျစ်စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆန်စပါးနှင့် အဓိကရိက္ခာသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန် လယ်ယာမြေများအသုံးပြုခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စပျစ်အပါအဝင် တောင်သူများ စိုက်ပျိုးလုပ်ကိုင်လိုသည့် ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုခွင့်၊ လုပ်ပိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်း၊ စပျစ်သီးနှံစိုက်ပျိုးရာတွင်လည်း စားစပျစ်စိုက်ပျိုးခြင်းအပြင် ဝိုင်ထုတ်လုပ်သည့် ဝိုင်စပျစ်များကို စီးပွားဖြစ် စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ စပျစ်တောင်သူများ ဈေးကွက်ရရှိရေးကိုလည်း ဝိုင်လုပ်ငန်းရှင်များ ပေါင်းစပ်ပေးပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် Contract Farming စနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများရော လုပ်ငန်းရှင်များပါ အကျိုးစီးပွားဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွင်း စီးပွားရေးတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စပျစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်နိုင်မှု စွမ်းအားရှိသည့် တောင်သူကြီးများအနေဖြင့် စွန့်ဦးလုပ်ကိုင်ကြစေလိုကြောင်း၊ အခြားတစ်ဖက်တွင်လည်း ရမည်းသင်းဒေသ၏ ဝါသီးနှံစိုက်ပျိုးရန် နှစ်အလိုက်လျာထားကြေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကသတ်မှတ်ဝါဂွမ်းအထွက်ပိဿာ ရရှိရေးကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၊ တောင်သူများ ဝိုင်းဝန်းကြိုးပမ်းကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ်ရှိ လဲဖြူရေထိန်းတမံသို့ရောက်ရှိပြီး ရာဂိမုန်တိုင်းအရှိန်ကြောင့် တမံအတွင်း သဲနုန်းများဖုံးလွှမ်းမှုအား တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် ပြုပြင်ရေးဆောင်ရွက်နိုင်ရန်နှင့် လက်ရှိတမံအား ပြုပြင်ခြင်းထက် အခြားသင့်လျော်သော နေရာသစ်တွင် ဆောင်ရွက်ခြင်းက ကုန်ကျစရိတ်သက်သာနိုင်ခြင်းရှိ မရှိသုံးသပ်၍ နေရာသစ်ရှာဖွေရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြား၍ ကျီးနီကန်၏ရေဝင်ရောက်မှုနှင့် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံ ဘောလုံးဒိုင်လူကြီးသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော မြန်မာနိုင်ငံဘောလုံးဒိုင်လူကြီး (Referee)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ သင်တန်းနည်းပြများ၊ ဒိုင်လူကြီးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။


ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတစ်ဝန်း ဘောလုံးပြိုင်ပွဲများကျင်းပနိုင်ရေး၊ ဥပဒေသများကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ အဂတိတရားကင်းမှု၊ သမာသမတ်ကျမှန်ကန်စွာဆုံးဖြတ်ပေးနိုင်သော ဒိုင်လူကြီးများဖြစ်စေရေးနှင့် ပြည်တွင်းသာမက အပြည်ပြည်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု ဒိုင်လူကြီးများဖြစ်အောင် ကြိုးစားကြပြီး ဘောလုံးအားကစားဖြင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်အောင် စွမ်းဆောင်ကြရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းလိုအပ်ချက်များအား ဖြည့်စွက်မှာကြားသည်။

အဆိုပါဘောလုံးဒိုင်လူကြီးသင်တန်းသို့ သင်တန်းသား ၂၅ ဦး၊ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၄၀ တို့ တက်ရောက်ကြပြီး ဩဂုတ်လ ၁၀ ရက်မှ ၁၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်္န်းကျွန်းမြို့နယ်လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသော AFC U-20 Women's ASIAN Cup Thailand 2026 Qualifiers ပြိုင်ပွဲ အုပ်စု(D) ပွဲစဉ်အဖြစ် မြန်မာ U-20 အမျိုးသမီးအသင်းနှင့် အိန္ဒိယ U-20 အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။


**မြဝတီ**





**၁ ရှေ့ဖုံးမှအဆက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။





သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၂°c |
| ရန်ကုန် | ၂၄°c | / | ၃၀°c |
| မန္တလေး | ၂၆°c | / | ၃၇°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၁၀

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၃)ဖြင့် ဆောင်ရွက်သည့် ကံဆိပ်ကျေးရွာ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စီမံကိန်းဖြင့် မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်း Video ကိုပြသပြီး ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်းမှာမဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၃)၊ ပြည်ထောင်စုရန်ပုံငွေ၊ သက်ဆိုင်ရာ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ အချိုးကျ ပူးပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရ - ပြည်သူ - ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်တစ်ခုလည်းဖြစ်ပြီး မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် သုံးခုမြောက် အသေးစား ဓာတ်အားစနစ်စီမံကိန်းလည်း ဖြစ်ကြောင်း။

ကံဆိပ်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် (၉၉) ကီလိုဝပ် ဆိုလာအသေးစား ဓာတ်အားပေးစနစ်မှာ (၁၂၀)ကီလိုဝပ် အရန်ဒီဇယ်အင်ဂျင်စနစ် ပါဝင်သည့်အပြင် လျှပ်စစ်မီးရရှိမှုနှင့်အတူ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေမီတာတပ်ဆင်ထားသည့် အိမ်သွယ်ရေတိုင်စနစ် ရေပေးရေးလုပ်ငန်းကိုပါ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကို အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈ သန်းကျော်ဖြင့် Sandisoar Renewable Energy Development International ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကံဆိပ်ကျေးရွာစီမံကိန်းဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၇၅၀ ခန့်တို့ အကျိုးခံစားရမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိမှု၊ ရေရှိမှုတို့မှတစ်ဆင့် အသေးစားကုန်ထုတ်လုပ်မှုနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် မိသားစုဝင်ငွေတိုးပွားပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ Sandisolar Renewable Energy Development International ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာက စီမံကိန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် ကိုယ်စားလှယ်များက စီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားအပြီးအတွင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကံဆိပ်၊ နေရောင်ကာ၊ ဘုရားချောင်း၊ တညင်ကုန်း၊ ကုန်းတန်းကလေး၊ ခြောက်အိမ်စု စသည့်ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကိုပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကံ(တောင်)ကျေးရွာအုပ်စု သက္ကယ်ကွင်း ကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ခေတ်မီအဆင့်မြင့် ဆန်စက်အပါအဝင် ပေါင်းဆန်စက်၊ ဖွဲနုဆီစက်များတည်ဆောက်ပြီးစီးပါက ကုန်ကြမ်းရရှိရေး အရေးကြီးသောကြောင့် ဒေသတွင်းရှိ ဆန်စက်ပိုင်ရှင်များ၊ တောင်သူသမဝါယမအသင်းများနှင့် ချိတ်ဆက်ကာ သမဝါယမစနစ်ဖြင့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများ ထောက်ပံ့ပေးပြီး ထွက်ရှိလာသော စပါးကုန်ကြမ်းများကို ပေါက်ဈေးဖြင့် ဝယ်ယူဆောင်ရွက်ပေးရန်လိုကြောင်း၊ လယ်သမားမိသားစုပေါင်း ၄၃၀၀၀ ကျော်တို့အတွက် အာမခံပေါက်ဈေးကြောင့် ခိုင်မာသော ဝင်ငွေအခွင့်အလမ်းရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



မီးသတ်တပ်ဖွဲ့များက ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး၊ ဒေသခံပြည်သူ ၄၂ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်းနှင့် ငှက်ဖျားပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာ ၃၀ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်၊ ဓမ္မာရုံလမ်းဘေး ဝဲ/ယာမှ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများတူဖော်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးပိုလာမည်

နေပြည်တော် ဩဂုတ် ၁၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာမည်။

(မိုး/ဇလ)

## (၁၀-၈-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ayadaw Township plants more than 1,000 acres of sunflower as monsoon crops



AYADAW August 10

Agricultural data of the Monywa District Agriculture Department mentioned that local farmers have planted more than 1,000 acres of sunflower in Ayadaw Township of Sagaing Region during this monsoon.

"For the 2025-2026 monsoon crop season, local authorities of Ayadaw Township earmarked to cultivate 2,737 acres of sunflower. Cultivation began in June this year, and as of today, a total of 1,100 acres have already been planted there.

'This year, during the monsoon crop season in Ayadaw Township, we have planned to grow over 2,000 acres of sunflower. As of today, more than 1,000 acres have already been cultivated. Efforts are ongoing to meet the target acreage. To reduce reliance on imported palm oil, sunflower — an oil crop — is being promoted for expanded cultivation. Compared to other oil crops like groundnut and sesame, sunflower produces a higher oil yield per acre," said Daw San San Myint, Head of the Monywa District Department of Agriculture.

To promote sunflower cultivation in Ayadaw Township, the Township Department of Agriculture is intensifying training programs and capacity-building for both agricultural staff and sunflower farmers.

This year, support is being provided to sunflower growers in Ayadaw Township, including the distribution of seeds, arrangements for selling urea fertilizer at affordable prices, and facilitating farmer-to-farmer seed exchange systems for distributing newly produced sunflower seeds. **SK**

# Pwintbyu Township grows over 34,000 acres of rainfed crops

PWINTBYU August 10

A total of 34,774 acres of rainfed crops were planted in Pwintbyu Township, Minbu District, Magway Region in this year rain crops planting season, according to the Department of Agriculture for Pwintbyu Township.

Pwintbyu Township has planned to plant 140,345 acres of rainfed crops in this year rain crops planting season, and local farmers have been planting since the first week of June this year to meet the target. So far, 34,774 acres of rain-fed crops have been planted.

"We are working hard to meet the target for each crop. We are also providing agricultural education and support to local farmers to improve yields and produce high-quality crops," said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

If farmers can cultivate crops with good quality and yield, they will not only satisfy local consumption but also generate income by selling surplus crops and develop socio-economic life, so they should strive to expand the cultivation of crops every year regardless of the region, she said. **SMK**

# Farmers complete cultivation of more than 9,000 acres of maize



KYUNHLA August 10

Local farmers have so far planted more than 9,000 acres of maize in Kyunhla Township of Sagaing Region, according to the statistics of Kyunhla Township Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 14,995 acres of maize in Kyunhla Township. As of now, since starting in June of this year, a total of 9,586 acres have already been planted.

"This year, during the monsoon cropping season, Kyunhla Township has a plan to cultivate over 14,000 acres of maize. As of today, more than 9,000 acres have already been planted. Efforts are ongoing to meet the targeted acreage. In order to ensure the success of maize cultivation, we are conducting awareness campaigns to prevent pest and disease outbreaks," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

This year in Kyunhla Township, for farmers growing both seed and sweet corn, the Township Agriculture Department is providing training sessions, conducting field demonstrations, implementing preventive measures against fall armyworm, and promoting Integrated Pest Management (IPM) methods using neem-based pesticides and natural pest repellents like ginger and chili. They are also providing agricultural knowledge and techniques.

In Kyunhla Township, it is known that one acre of maize yields over 50 baskets and requires an investment of around Ks-500,000 per acre. For sweet corn, each acre yields about 15,000 ears and also requires a cost of over Ks-500,000 per acre. **SK**

# Farmers plant more than 20,000 acres of green gram in KhinU Township

KHINU August 10

Statistics of KhinU Township Agriculture Department stated that local farmers placed more than 20,000 acres of croplands under monsoon green gram in KhinU Township of Sagaing Region this year.

Local authorities earmarked cultivation of 63,225 acres of monsoon green gram in the township in 2025-2026 monsoon but farmers planted a total of 20,874 acres of crops from May to date.

U Nay Win Naing, Head of KhinU Township Department of Agriculture, disclosed: "Local authorities earmarked cultivation of more than 63,000 acres of rainfed green gram in KhinU Township. So far, farmers have planted more than 20,000 acres of crops against the target cultivation. Our department assists in cultivation of rainfed green gram in the township. Moreover, we urged local farmers to expand sown acreage of green gram and use quality strains of crops."

This year, the Agriculture Department raises farmer awareness about use of quality seeds of crops, correct agricultural techniques, prevention of pests, systematic broadcasting of fertilizers and boosting of per-acre yield of crops.

Moreover, the departmental officials provide quality seeds, agricultural inputs and post-harvest technologies for local farmers to ensure convenience in working process. **SMK**

# More than 3,000 acres of Sterculia versicolor planted in Shwebo District

SHWEBO August 10

Local farmers have grown 3,182 acres of Sterculia versicolor plants in Shwebo District of Sagaing Region, according to the district agriculture department.

In 2024-2025 monsoon, Shwebo District authorities earmarked cultivation of 3,612 acres of Sterculia versicolor but local farmers cultivated 98 acres in Shwebo Township, 794 acres in KhinU Township, 1,250 acres in Wetlet Township and 1,040 acres in Kyaukmyaung sub-township, totalling 3,182 acres against the target cultivation.

"This year, during the monsoon crop cultivation season, Shwebo District has planned to cultivate 3,612 acres of Sterculia versicolor. As of today, 3,182 acres have already been cultivated. Efforts are underway to complete the remaining acreage to meet the target. Sterculia versicolor is drought-resistant, grows in various soil types, and is a tropical forest tree. It requires low rainfall and is well-suited for rocky and hilly regions. Therefore, it is feasible to expand cultivation in such areas," said Daw Zar Zar Min, Assistant Director of the Shwebo District Agriculture Department.

For the 2025-2026 monsoon crop season, the targeted acreages of Sterculia versicolor cultivation by township in Shwebo District are as follows: Shwebo Township 100 acres, KhinU Township 750 acres, Wetlet Township 1,762 acres, Kyaukmyaung Sub-township 1,000 acres, totalling 3,612 acres.

The Department of Agriculture is encouraging farmers to grow Sterculia versicolor using the GAP (Good Agricultural Practices) system, which avoids the use of chemicals. Farmers who adopt the GAP method will receive GAP certification for their cultivated fields. The Sterculia versicolor grown under this system will be chemical-reduced and can achieve better market competitiveness compared to conventionally grown varieties.

In addition, to increase yield and improve market access, the Department of Agriculture is currently working in collaboration with major traders' associations.

**SK**

# Katha District completes 100 percent harvest of summer paddy



KATHA August 10

Local farmers have harvested all sown acreage of summer paddy in Katha District of Sagaing Region, according to the district agriculture department.

In Katha District, it was reported that during this year's summer crop season, a total of 22,344 acres of summer paddy were cultivated. The harvesting of these summer paddy fields began in April and has now been completed 100 percent. The yield averaged 86.98 baskets per acre.

Daw Khin Myat Myat Oo, Head of the District Department of Agriculture in Katha, stated, "This year, 22,344 acres of summer paddy were cultivated in Katha District during the summer crop season. At present, harvesting has been fully completed across all acres. Farmers were provided with agricultural techniques, awareness on pest prevention, guidance to prevent crop damage and losses, and information to ensure that the harvested paddy was stored properly and reached shelter in time."

This year, Katha Township of Katha District harvested 11,079 acres of summer paddy, Indaw Township 740 acres, Htigyaing Township 10,267 acres and Bamauk Township 258 acres, totalling 22,344 acres.

In Katha District, efforts have been made to support summer paddy farmers in improving per-acre yield and achieving target production levels. These efforts include the distribution of quality and pure seeds, dissemination of technical pamphlets, organization of farmer training sessions and educational discussions, as well as timely provision of necessary agricultural inputs.

Local farmers have also been encouraged to coordinate with the Department of Agriculture to make early preparations. These include following the department's guidelines on preventive measures against crop pests and diseases after harvesting monsoon paddy and other monsoon crops, implementing soil nutrient enrichment practices, and collecting quality seed varieties in advance to ensure timely cultivation of summer paddy and other crops.

**SK**

# Khamti Township cultivates more than 700 acres of vegetables

KHAMTI August 10

Statistics of Khamti Township Agriculture Department of Sagaing Region stated that local farmers planted a total of 701 acres of vegetables in the township this monsoon.

For the 2025-2026 monsoon cropping season, it is planned to cultivate 1,120 acres of vegetables in Khamti Township. As of now, planting began in May of this year, and 710 acres of croplands have already been placed under vegetable plantations.

Daw Su Su Khaing, Head of the Khamti Township Agriculture Department, stated: "This year, during the monsoon season, more than 1,000 acres of vegetables are planned for cultivation in Khamti Township. As of today, 710 acres have already been planted. We are working to ensure that the full targeted acreage is cultivated. The crops include roselle, chili, herbs, potatoes, cabbage, eggplant, and mustard greens. We are providing farmers with technical support to grow all vegetables under the GAP (Good Agricultural Practices) system. The goal is to help farmers cultivate in a way that minimizes chemical residues and meets health standards."

This year, the Khamti Township Agriculture Department is conducting training for vegetable farmers on GAP-compliant cultivation techniques. They are also providing technical support to ensure that the vegetables harvested from the fields are safe and health-conscious. In addition, efforts are being made to encourage farmers to expand their vegetable cultivation areas.

Every year, a variety of seasonal vegetables are grown in Khamti Township. The cultivated vegetables have been successful and have become a source of income for families. The township agriculture department continues to raise awareness among vegetable farmers on correct cultivation methods, pest prevention, the use of natural fertilizers, organic pesticides, and insect repellents.

**SMK**

# Dabayin Township cultivates more than 10,000 acres of rain-fed pigeon pea this year

DABAYIN August 10

Local farmers have finished cultivation of more than rain-fed pigeon pea in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

In 2025-2026 monsoon cultivation season, local authorities earmarked cultivation of 20,201 acres of rainfed green gram in Dabayin Township but farmers have planted 10,017 acres of crops against the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department, commented: "Local farmers have so far planted more than 10,000 acres of pigeon pea against the target of more than 20,000 acres in Dabayin Township. Our department helps local farmers meet the target cultivation and boost per-acre yield of crops. Local farmers cultivate crops as a separate crop as well as a mixed-crop in other plantations."

Officials of the township agriculture department distribute techniques of using quality seeds, correct agricultural technology, prevention of pests and boosting per-acre yield of crops.

Moreover, officials of the department share techniques of making natural fertilizers and pests with local farmers in order to reduce purchase of fertilizers and pests and cut agricultural costs.

**SMK**

# NASA's Crew-10 astronauts return to Earth after 5-month mission

LOS ANGELES August 10

NASA's SpaceX Crew-10 astronauts returned to Earth on Saturday, concluding a mission of about five months aboard the International Space Station (ISS).

The SpaceX Dragon spacecraft, carrying the four-member crew, splashed down off the coast of San Diego, California, at 11:33 a.m. (1533 GMT) Saturday.

It marked the first crewed mission under NASA's Commercial Crew Program to splash down in the Pacific Ocean near California, as previous returns occurred near Florida.

The returning crew members included NASA astronauts Anne McClain and Nichole Ayers, Japan Aerospace Exploration Agency astronaut Takuya Onishi, and Roscosmos cosmonaut Kirill Peskov.

During their stay aboard the ISS, the crew carried out dozens of experiments and technology demonstrations, ranging from spacewalks and lightning observation to DNA tip testing and microscopic motion studies, according to NASA.

The mission was NASA's 10th commercial crew rotation mission with SpaceX to the ISS.

**Xinhua**



# Israel reports 93 new measles cases, total at 410

JERUSALEM August 10

The Israeli Health Ministry on Sunday reported 93 new diagnosed cases of measles, bringing the total in the current outbreak, which began in early April, to 410.

The ministry estimated that, due to the high hospitalization rate and community reports, the number of infected people in the current outbreak in Israel ranges from 950 to 1,700.

According to the ministry, the number of active diagnosed patients has increased from 120 to 162, including 22 currently hospitalized.

Two of the hospitalized patients, a one-year-old baby and a toddler nearly two and a half years old, are currently receiving ECMO support in the intensive care unit.

About a month after the outbreak, the ministry launched a nationwide vaccination completion campaign, and since then, more than 105,000 doses have been administered.

Measles is an extremely contagious viral illness characterized by common symptoms, including fever, fatigue, runny nose, and a distinctive rash. In some cases, it can result in severe or potentially life-threatening complications.

The ministry also reported a new case of West Nile fever in the southern city of Beer Sheva. This is the second confirmed case of the disease in Israel, following a diagnosis in central Israel in early June.

**Xinhua**

# Thousands protest in Israel over government plans to take control of Gaza - reports

MOSCOW August 10

Thousands of people protested in Tel Aviv and other Israeli cities against the backdrop of Israeli Prime Minister Benjamin Netanyahu's decision to establish control over the entire Gaza Strip, the Times of Israel reported.

On Thursday, Netanyahu announced that Israel intended to establish control over the entire Gaza Strip in order to create a security perimeter and subsequently transfer it to the control of a new "civilian government." He added that at the same time, the State of Israel did not plan



to maintain long-term control over the strip. On Saturday, the Russian Foreign Ministry said that Israel's plan to expand the military operation in Palestinian territory would have negative consequences for the entire region and worsen the situation in the Gaza Strip.

Protesters gathered in Tel Aviv and cities across Israel on Saturday night to call for a hostage deal and a ceasefire before Israel begins its planned mission to take over Gaza. Families of the hostages have called for a general strike against the plan, which they warn will mean a death sentence for their loved ones, the newspaper said.

As the newspaper notes, these are the largest protests in Israel in recent months. According to its data, at least 10,000 people gathered in Tel Aviv. The protests are taking place in dozens of cities across the country, the publication concluded.

**Sputnik**

# Most Germans dissatisfied with Chancellor, government after 100 days in power – poll

MOSCOW August 10

The majority of Germans are dissatisfied with the performance of German Chancellor Friedrich Merz and his government nearly 100 days after assuming office, an INSA poll conducted for Bild newspaper showed.

The rate of dissatisfied with Chancellor Merz and the federal government rose to 60 percent only after 100 days in power and is twice as high as the proportion of 27 percent of satisfied. On June 6, approximately one month after the new government took office, the share of those satisfied reached 37 percent of respondents, while the share of those dissatisfied was 44 percent.

The survey was conducted from August 7–8 among approximately 1,000 residents of Germany. The margin of error is not specified.

Merz was elected chancellor on May 6, after the second round of voting in the German parliament. The new cabinet was formed on the same day.

**Sputnik**

# Romania issues red alert as heat wave intensifies in southwest

BUCHAREST August 10

Romania's meteorological service on Sunday issued its highest-level alert for extreme heat in two southwestern counties, warning that the heat wave will intensify, with maximum temperatures between 39 and 41 degrees Celsius expected on Monday and Tuesday.

The red alert, covering Mehedinti and Dolj counties, will be in force from 10 a.m. Monday to 10 a.m. Tuesday local time, with "intense and persistent heat, severe thermal discomfort and tropical nights," the National Meteorological Administration (ANM) said.

An orange alert for heat and high discomfort will also be in effect during the same period in Olt, Teleorman, Gorj and Valcea counties, with maximum temperatures ranging from 37 to 39 degrees Celsius and a temperature-humidity index above the critical threshold of 80 units.

From Sunday to Monday, another orange alert covers large parts of western and southern Romania, while yellow alerts for high temperatures extend to much of the rest of the country.

The national roads agency has announced that trucks over 7.5 tons will be banned from expressways and national roads in Mehedinti and Dolj on Monday from 12 p.m. to 8 p.m. local time.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Painkiller taken by millions could trigger HEART FAILURE - experts sound the alarm: 'Doctors must act now'

Doctors have been urged to reassess the use of a painkiller prescribed to millions, after alarming new research linked it to a significantly increased risk of heart failure.

Pregabalin—an anti-seizure drug often used to treat chronic nerve pain, anxiety and epilepsy—was associated with a 48 percent increased risk of developing heart failure, according to a major new study.

The risk was even greater in those with a history of heart disease.

In these patients, taking pregabalin raised the risk of heart failure by a staggering 85 percent compared to those prescribed gabapentin—a similar drug used to manage chronic pain.

Researchers are now calling for clinicians to carefully weigh up cardiovascular risks before prescribing the drug, especially in older or vulnerable patients.

Chronic pain affects up to 30 percent of adults over the age of 65, and pregabalin is commonly used to manage this by blocking pain signals travelling through the brain and spinal cord.

However, the NHS already lists a range of potential side effects for the drug—including hallucinations, blood in the urine and weight gain—and now experts are warning that heart health must also be taken into serious consideration.

The NHS also warns that pregabalin can, in rare cases, trigger a severe allergic reaction known as anaphylaxis—a medical emergency that requires immediate treatment.

Now, researchers at Columbia University Irving Medical Center say the drug may also contribute to—or worsen—heart failure, particularly in older individuals.

In the study, scientists analysed data from 246,237 Medicare patients aged 65 to 89 over a four-year period.

All had chronic non-cancer pain—defined as pain lasting more than 12 weeks or beyond the normal healing time—and none had a previous history of heart failure.

Heart failure occurs when the heart becomes too weak or stiff to pump blood effectively around the body.

It's a long-term condition that is commonly seen in heart attack survivors, and is far more common in older people.


In the study, during the four-year period examined, 1,470 patients were admitted to hospital with heart failure.

Researchers found that for every 1,000 people taking pregabalin, there were around six additional cases of heart failure each year, compared with those not taking the drug.

After adjusting for potential variables, including age, sex and pre-existing health issues, they concluded patients taking pregabalin are 1.5 times more likely to suffer heart failure.

Currently there is no cure for the condition which usually worsens over time causing breathlessness, fatigue, syncope, and swollen ankles and legs.






Some people also experience a persistent cough and a faster than usual heart rate.

The researchers, led by Dr Elizabeth Park, concluded that their findings support current advice from the European Medicines Agency to exercise caution when prescribing pregabalin to older adults with heart disease.

Dr Robert Zhang, a leading cardiologist who was not involved in the study, said the findings have 'immediate clinical implications.'

Together with other experts in the field, he wrote: 'Clinicians should weigh the potential cardiovascular risks associated with pregabalin against its benefits.'

Experts say the findings are timely given the growing use of the drug in older populations to manage chronic main.

They added: 'If pregabalin use is associated with new-onset heart failure, it raises the possibility that the drug may unmask underlying heart disease, which suggests a need for careful cardiac evaluation prior to prescribing this medication.

'The study serves as an important reminder that not all gabapentinoids are created equal and that in the pursuit of safer pain control, vigilance for unintended harms remains paramount.'

It comes as concerning figures suggest the nation's heart health has declined more quickly at the start of the 202s than any other decade for more than 50 years.

Analysis by the British Heart Foundation (BHF) found rising deaths among working-age adults from cardiovascular disease, increasing heart failure and growing risks from obesity and diabetes.

Cardiovascular deaths in working age adults have risen by 18 percent in the UK since 2019, from 18,693 to 21,975 in 2023, averaging 420 a week.

**Mail Online**

# ဒရုန်းအုပ်များကိုပင်အသက်မဲ့သွားစေမယ့် ၁၀၀ ကီလိုဝပ်စွမ်းအားရှိတဲ့ လေဆာလက်နက်

ဒီကနေ့ခေတ်စစ်မြေပြင်မှာ မပါမဖြစ်သော စစ်လက်နက်ပစ္စည်းတစ်ခုက အားလုံးသိကြတဲ့အတိုင်း ဒရုန်းပါပဲ။ ဒရုန်းဆိုတဲ့အထဲမှာ ကင်းထောက်ဒရုန်းများမှသည် တိုက်ခိုက်ရေးဒရုန်းများအထိပါဝင်ပါတယ်။ တချို့နေရာတွေမှာ ဒရုန်းတွေကို တစ်စင်းချင်းအသုံးပြုတတ်ကြသော်လည်း တိုက်ခိုက်မှုကြီးတစ်ခု လုပ်တော့မယ်ဆိုရင်တော့ ဒရုန်းတွေကိုအုပ်လိုက်အသုံးပြုကြတာပါ။ ဒရုန်းတွေကို ပစ်ချဖို့ဆိုတာ သိပ်တော့မလွယ်ကူပါဘူး။ လှိုင်းနှုန်းနှောင့်ယှက်တဲ့စက်တွေနဲ့ကလည်း ထိရောက်မှုအားနည်းနိုင်ပါတယ်။ အုပ်လိုက်ချီလာတဲ့ဒရုန်းတွေဆိုရင်တော့ အဲဒီစက်တွေက ထိရောက်မှုမရှိတော့ပါဘူး။ ဒါကြောင့် ဒရုန်းတွေကိုဘယ်လို နည်းနဲ့ အသက်မဲ့အောင်လုပ်ကြမလဲဆိုတဲ့ မေးခွန်းက ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများအတွက် ခေါင်းစဉ်အသစ်တစ်ခုဖြစ်လာတာပါ။

ဒီအချိန်မှာ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများက ဒရုန်းဖျက်လက်နက်အမျိုးမျိုးကို ဖန်တီးခဲ့ကြပါတယ်။ အဲဒီလက်နက်တွေထဲမှာ လက်ရှိအချိန်အထိ အထိရောက်ဆုံးလက်နက်တစ်မျိုးကတော့ လေဆာလက်နက်ပါပဲ။ လေဆာလက်နက်ဆိုတာ ဒရုန်းတွေကိုပျက်စီးသွားစေနိုင်တဲ့ စွမ်းအားမြင့်လက်နက်တစ်ခုဖြစ်ပါတယ်။ သူ့မှာလည်းနည်းပညာဆိုတာရှိပါတယ်။ နည်းပညာမြင့်မားမှုအပေါ်မူတည်ပြီး ဒရုန်းတွေကိုချေမှုန်းနိုင်စွမ်းကလည်း ကွာခြားသွားမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းရှိစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများအနက် Electro Optic Systems (EOS) ကုမ္ပဏီကတော့ ဒရုန်းဖျက်လေဆာလက်နက်နည်းပညာမှာ ခုန်ပျံကျော်လွှားသွားနိုင်တာကိုတွေ့ရပါတယ်။



EOS ကုမ္ပဏီက ဩစတြေးလျနိုင်ငံမှဖြစ်ပါတယ်။ သူတို့အနေနဲ့ ယူရို ၇၁ ဒသမ ၄ သန်းတန်ဖိုးရှိတဲ့ ဒရုန်းဖျက်လေဆာလက်နက်ကို ထုတ်လုပ်ပေးရေးအတွက် သဘောတူညီချက်တစ်ခုရရှိထားပါတယ်။ အဲဒီသဘောတူညီချက်အရ သူတို့က NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအတွင်း စွမ်းအား ၁၀၀ ကီလိုဝပ်ရှိတဲ့ ဒရုန်းဖျက်လေဆာလက်နက်စနစ်ကို ထုတ်လုပ်ပေးရမှာပါ။

EOS ရဲ့ ဒရုန်းဖျက်လေဆာလက်နက်စနစ် စွမ်းဆောင်ရည်များနဲ့ပတ်သက်လို့ပြောရရင် သူက တစ်မိနစ်မှာ ဒရုန်းအစင်းရေ ၂၀ အထိကိုပစ်ချနိုင်စွမ်းရှိပါတယ်။ ပစ်ချရာမှာလည်း လေဆာအလင်းတန်းကို အလင်းရဲ့အလျင်နှုန်းနဲ့ ပစ်လွှတ်မှာပါ။ သူ့ကို ထရပ်ကားပေါ် တင်ဆောင်အသုံးပြုနိုင်တဲ့အတွက် တကယ့်ကို ရွေ့လျားဒရုန်းကာကွယ်ရေးစနစ်ဖြစ်ပါတယ်။ ဒါ့အပြင် အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးစနစ်များနဲ့လည်း ပေါင်းစပ်နိုင်ပါသေးတယ်။ သူ့မှာ အဆင့်မြင့်အယ်လဂိုရီသမ်၊ ရေဒါ၊ ရန်သူ့ခြိမ်းခြောက်မှုထောက်လှမ်းခြင်း၊ ပစ်မှတ်ရှာဖွေခြင်းနဲ့ အတိကျဆုံးသောထိမှန်မှုကိုရရှိနိုင်စေရေးအတွက် အလင်းတန်းကိုပုံသေသတ်မှတ်ခြင်းစနစ်တို့ပေါင်းစပ်ပါဝင်ထားတာဖြစ်ပါတယ်။

ခေတ်သစ်စစ်မြေပြင်များမှာ တစ်စထက်တစ်စတိုးတက်များပြားလှတဲ့ ခြိမ်းခြောက်မှုများကို သမားရိုးကျကာကွယ်ရေးနည်းလမ်းများနဲ့ တန်ပြန်ခြင်းက ကုန်ကျစရိတ်လည်းများစေနိုင်သလို တုံ့ပြန်ချိန်ကိုလည်း ကြာမြင့်စေပါတယ်။ ဒီနေရာမှာ လေဆာလက်နက်ကိုအသုံးပြုခြင်းက တစ်ချက်ပစ်ရင်ကုန်ကျစရိတ်အနေနဲ့ ၁၀ ဆင့်မျှသာ ကုန်ကျစေမှာဖြစ်တယ်လို့ဆိုပါတယ်။


**Ref: IE**

**ကိုထက်**

# ပစ်မှတ်ကိုအသံတိတ်ဖျက်ဆီးမယ့် ကမ္ဘာ့ပထမဆုံးရေပေါ်လျှပ်ပြေးဒရုန်း

ရေပေါ်လျှပ်ပြေးဒရုန်းဆိုတာကို အရင်တုန်းကကြားဖူးမယ် မထင်ပါဘူး။ တစ်နာရီကို ၁၂၄ မိုင်နှုန်းနဲ့ပျံသန်းပြီး ရန်သူ့ပစ်မှတ်ကို အသံတိတ်ဖျက်ဆီးနိုင်စွမ်းရှိမယ့် ရေပေါ်လျှပ်ပြေးဒရုန်းဆိုတာကို ပိုလို့တောင်မကြားဖူးပါဘူး။ အရင်တုန်းကမကြားဖူးခဲ့ပေမယ့် အခုတော့ အဲဒီလိုဒရုန်းမျိုးအမှန်တကယ်ရှိလာပါပြီ။

ကမ္ဘာ့ပထမဆုံးဖြစ်တဲ့ ရေပေါ်လျှပ်ပြေးဒရုန်းကို ဖန်တီးထုတ်လုပ်လိုက်သူက တူကီယဲနိုင်ငံအခြေစိုက် Solid Aero ကုမ္ပဏီဖြစ်ပါတယ်။ သူတို့ဖန်တီးထားတဲ့ဒရုန်းကို TALAY လို့အမည်ပေးထားပြီး ၆၆ ပေါင်လေးတဲ့ အာရုံခံကိရိယာတွေ၊ ခဲယမ်းတွေကိုသယ်ဆောင်နိုင်ပါတယ်။ TALAY က ရေပြင်အထက် ၉ ဒသမ ၈ ပေကနေပျံသန်းနိုင်စွမ်းရှိတာကြောင့် ဆူညံသံထွက်ရှိမှုလည်း မရှိသလောက်နည်းပါးပါတယ်။ ရေဒါဖမ်းယူနိုင်တဲ့ နယ်ပယ်ကနေပါလွတ်မြောက်နေတာဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို ကိုယ်ပျောက်ဒရုန်း ဒါမှမဟုတ် အသံတိတ်ဒရုန်းလို့တင်စားနိုင်ပါတယ်။



တစ်နာရီကို ၁၂၄ မိုင်ဆိုတဲ့အမြန်နှုန်းနဲ့ သုံးနာရီအထိပျံသန်းပြီး စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်စွမ်းရှိတဲ့ TALAY က ဘက်စုံသုံးဒရုန်းအမျိုးအစားဖြစ်ပါတယ်။ ကင်းလှည့်တာ၊ ကင်းထောက်တာ၊ တိုက်ခိုက်တာ၊ ကုန်စည်ပို့ဆောင်တာအစရှိတဲ့လုပ်ငန်းမျိုးစုံမှာ သူ့ကိုအသုံးပြုနိုင်ပါတယ်။ သူက အလိုအလျောက်စနစ်နဲ့လည်း စစ်ဆင်ရေးတာဝန်တွေကို ထမ်းဆောင်နိုင်သလို ဒရုန်းမောင်းသူရဲ့ထိန်းချုပ်မှုနဲ့လည်း ကောင်းစွာအလုပ်လုပ်နိုင်ပါတယ်။


TALAY မှာအသုံးပြုထားတဲ့အင်ဂျင်စနစ်က လျှပ်စစ်စွမ်းအင်သုံးအင်ဂျင်ဖြစ်ပြီး Li-Po ဘက်ထရီကို တပ်ဆင်ပေးထားတာပါ။ သူနဲ့အဆက်အသွယ်ပြုနိုင်တဲ့အကွာအဝေးကလည်း ၁၂၄ မိုင်အထိရှိပါတယ်။ တိုက်ခိုက်ရေးအတွက်ဆိုရင် သူ့ကိုဘယ်နေရာတွေမှာအသုံးပြုဖို့အသင့်လျော်ဆုံးလဲဆိုတော့ ရန်သူ့ကမ်းခြေကိုတိုက်ခိုက်မှုတွေ၊ ရန်သူ့စစ်ရေယာဉ်များကိုတိုက်ခိုက်မှုတွေမှာ အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် သူ့မှာခေါက်သိမ်းနိုင်တဲ့ အတောင်ပံတွေပါဝင်ပြီး သူမတူတဲ့တိကျမှုအတွက်ကိုတော့ AI ကို အသုံးပြုထားတာဖြစ်ပါတယ်။

တောင်ပံအလျား ၃ မီတာနဲ့အရှည်က ၂ ဒသမ ၈ မီတာရှိတဲ့ TALAY ဟာ ပင်လယ်ပြင်စစ်ဆင်ရေးများအတွက်သာမက ကမ်းရိုးတန်းဒေသစစ်ဆင်ရေးများအတွက်လည်း အင်မတန်အသုံးဝင်တဲ့ဒရုန်းဖြစ်တာကြောင့် သူဟာအနာဂတ်ဒရုန်းစစ်ဆင်ရေးကြီးကို အလှည့်အပြောင်းတစ်ခုဖြစ်လာစေမှာအမှန်ပဲဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ကမ္ဘာတစ်ဝန်း၌ လုပ်ငန်းသုံးစက်ရုပ်တပ်ဆင်မှုကျဆင်းသော်လည်း တရုတ်နိုင်ငံ၌တပ်ဆင်အသုံးပြုမှုမြင့်တက်



**ပေကျင်း၊ စက်မှုလုပ်ငန်း**

ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ လုပ်ငန်းသုံးစက်ရုပ်တပ်ဆင်မှု ကျဆင်းခဲ့သော်လည်း တရုတ်နိုင်ငံတွင်မူ အလားတူ စက်ရုပ်တပ်ဆင်အသုံးပြုမှု မြင့်တက်လာကြောင်း ထုတ်ပြန်ချက်များအရသိရသည်။

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ လုပ်ငန်းသုံးစက်ရုပ်တပ်ဆင်မှုသည် အခုရေ ၅၂၀၀၀၀ ဝန်းကျင်အထိကျဆင်းခြင်းဖြစ်ကြောင်း နိုင်ငံတကာစက်ရုပ်ဆိုင်ရာအဖွဲ့ချုပ်၏ ပဏာမအစီရင်ခံစာတွင် ဖော်ပြထားသည်။

လုပ်ငန်းသုံးစက်ရုပ် အများဆုံးအသုံးပြုသည့် ဂျပန်နိုင်ငံက အခုရေ ၄၃၀၀၀ ဖြင့် ၇ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံက အခုရေ ၃၄၀၀၀ ဖြင့် ၉ ရာခိုင်နှုန်း၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အခုရေ ၈၆၀၀၀ ဖြင့် ၆ ရာခိုင်နှုန်းစီ တပ်ဆင်မှုကျဆင်းခဲ့ခြင်းဖြစ်သည်။


သို့သော် တရုတ်နိုင်ငံတွင်မူ လုပ်ငန်းသုံးစက်ရုပ်အခုရေ ၂၉၀၀၀၀ ဝန်းကျင်ကို တပ်ဆင်အသုံးပြုလာကြောင်း၊ ယင်းပမာဏသည် တစ်ကမ္ဘာလုံးလုပ်ငန်းသုံးစက်ရုပ်တပ်ဆင်အသုံးပြုမှုစုစုပေါင်း၏ ၅၄ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အတူ ယခုနှစ်၏ပထမခြောက်လတာကာလအတွင်း တရုတ်နိုင်ငံမှလုပ်ငန်းသုံးစက်ရုပ်ထုတ်လုပ်မှုပမာဏသည် ၃၅ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ အရေအတွက်အားဖြင့် အခုရေ ၃၇၀၀၀၀ နီးပါးရှိကြောင်း အမျိုးသားစာရင်းအင်းရုံးကထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံသည် စက်မှုလုပ်ငန်းများ၌သာမက အခြားနယ်ပယ်များတွင်ပါ စက်ရုပ်များအသုံးပြုမှုကိုတိုးမြှင့်လာခြင်းဖြစ်သည်။ **Ref: SCMP**

# ရုရှားနိုင်ငံက Oreshnik ဒုံးကျည်အပြင် အခြားအဆင့်မြင့်စစ်လက်နက်များကိုပိုင်ဆိုင်ထားသည်ဟုဆို

**မော်စကို၊ စစ်ရေး**

ရုရှားနိုင်ငံသည် Oreshnik ဒုံးကျည်ကိုသာမက အခြားအဆင့်မြင့်စစ်လက်နက်ပစ္စည်းများကိုလည်း ပိုင်ဆိုင်ထားကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီယက်ကော့က ဩဂုတ်လ ၁၀ ရက်တွင် ပြောသည်။




"ကျွန်တော်တို့မှာ Oreshnik ဒုံးကျည်ရှိပြီးသားဖြစ်ပါတယ်။ ဒါ့အပြင် တခြားအဆင့်မြင့်လက်နက်တွေကိုလည်း ပိုင်ဆိုင်ထားပြီးဖြစ်ပါတယ်။ နာမည်တွေကိုတော့ ထုတ်မပြောတော့ပါဘူး။ ကျွန်တော်တို့အနေနဲ့ အကြောင်းမဲ့သက်သက် အချိန်ဖြုန်းနေခဲ့တာမျိုးမရှိပါဘူး" ဟု ဆာဂျီယက်ကော့က Rossiya 1 သတင်းဌာနသို့ ပြောထားခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်နိုင်ငံနှင့်ချုပ်ဆိုထားသည့် New START သဘောတူစာချုပ်၏ သက်တမ်းကုန်ဆုံးသွားခြင်းကြောင့် နျူကလီးယားလက်နက်ထိန်းချုပ်မှုဆိုသည်မှာ လုံးလုံးလျားလျားပျောက်ကွယ်သွားပြီဖြစ်ကြောင်း ဆာဂျီယက်ကော့ကပြောထားသည်ဟုသိရသည်။ **Ref: Sputnik**

# ပူတင် - ထရမ့်တွေ့ဆုံပွဲသို့ ဇီလန်စကီကို ဖိတ်ထားခြင်းမရှိဟုဆို

**ဝါရှင်တန်၊ နိုင်ငံရေး**

အလက်စကာဒေသ၌လုပ်ဆောင်မည့် ရုရှားသမ္မတဗလာဒီမာပူတင်နှင့်အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့၏ တွေ့ဆုံပွဲသို့ ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီကို အမေရိကန်ဘက်က ဖိတ်ထားခြင်းမရှိကြောင်း သတင်းအရင်းအမြစ်များ၏ပြောဆိုမှုကိုကိုးကား၍ The Washington Post သတင်းဌာနက ဖော်ပြထားသည်။

ဒေါ်နယ်ထရမ့်က ဩဂုတ်လ ၁၅ ရက်တွင် အလက်စကာဒေသ၌ ပူတင်နှင့်တွေ့ဆုံမည်ဟုအတည်ပြုပြီးနောက် အဆိုပါနိုင်ငံ့ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံမှုတွင် ယူကရိန်းပဋိပက္ခချုပ်ငြိမ်းရေးကိစ္စကိုသာ အဓိကထားဆွေးနွေးသွားမည်ဟု ရုရှားသမ္မတရုံးကထုတ်ပြန်ထားသည်။ ထို့ပြင် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ယူကရိန်းဘက်ကဆုံးရှုံးထားသော နယ်မြေများကို စွန့်လွှတ်သွားရန် ထရမ့်က ဇီလန်စကီကို တောင်းဆိုမည်ဟူသောသတင်းများလည်း ထွက်နေကြောင်းသိရသည်။ **Ref: Tass**

## သတင်းတိုကဏ္ဍ

### ဂျပန်နိုင်ငံရှိ ရှင်မိုအေးဒါကဲမီးတောင်ပေါက်ကွဲမှုဖြစ်ပွား ပြာများ ၃ ကီလိုမီတာအမြင့်အထိရောက်ရှိ

ဂျပန်နိုင်ငံ ကီရီရှီးမားတောင်တန်းဒေသရှိရှင်မိုအေးဒါကဲမီးတောင်သည်ဩဂုတ်လ ၁၀ ရက်နံနက်၅ နာရီ၂၃ မိနစ်တွင်ပေါက်ကွဲမှုဖြစ်ပွားရာ မီးတောင်မှမှုတ်ထုတ်လိုက်သောပြာများသည် ၃ ကီလိုမီတာအမြင့်အထိရောက်ရှိကြောင်း ပြည်တွင်းသတင်းဌာနများက ထုတ်ပြန်ထားသည်။

ကာဂိုရှီးမားစီရင်စုနှင့် မီယာဇာကီစီရင်စုတို့ကြားရှိ ရှင်မိုအေးဒါကဲမီးတောင်သည် ဇွန်လ ၂၇ ရက်မှစ၍ ပေါက်ကွဲမှုများမကြာခဏဖြစ်ပွားနေခြင်းဖြစ်သည်။ ယခုပေါက်ကွဲမှုမှထွက်ပေါ်လာသော မီးတောင်ပြာများသည် အရှေ့မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး မီယာဇာကီစီရင်စုရှိ တာကာနာဘေးမြို့အထိရောက်ရှိနိုင်ဖွယ်ရှိသည်ဟု NHK သတင်းဌာနက ဖော်ပြထားသည်။

အလားတူ မီးတောင်မှထွက်လာသည့်ကျောက်တုံးအသေးများသည်လည်း မီးတောင်ဝ၏အရှေ့မြောက်ဘက် ၁၄ ကီလိုမီတာဝန်းကျင်အထိကျရောက်နိုင်ကြောင်းနှင့် မီးတောင်ပေါက်ကွဲမှုကိုသတိပေးချက်အဆင့် ၃ သတ်မှတ်ထားကြောင်း ဂျပန်မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ **Ref: Xinhua**

### ဗြိတိန်ရှိလက်နက်တိုက်မှ ရေဒီယိုသတ္တိကြွရေများ စိမ့်ထွက်မှုဖြစ်ပွားဟု စကော့တလန်ပြော

ဗြိတိန်နိုင်ငံရှိ ကိုးပေါ့လက်နက်တိုက်မှရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်သည့်ရေများသည် အနောက်စကော့တလန်ရှိ လော့လောင်းရေပြင်ထဲသို့ စိမ့်ထွက်မှုများဖြစ်ပွားသည်ဟု စကော့တလန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ပြောထားသည်။

အဆိုပါလက်နက်တိုက်သည် ဗြိတိန်တော်ဝင်ရေတပ်၏ Trident အမျိုးအစားရေငုပ်သင်္ဘောအတွက် နျူကလီးယားထိပ်ဖူးများကိုသိုလှောင်သိမ်းဆည်းထားသည့်နေရာဖြစ်ပြီး သက်တမ်းကုန်ရေပိုက်များပေါက်ကွဲမှုကြောင့် ရေဒီယိုသတ္တိကြွရေများစိမ့်ထွက်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း အေဂျင်စီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယခုကဲ့သို့ ရေဒီယိုသတ္တိကြွရေများ စိမ့်ထွက်လာရခြင်းသည် ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါရေများစိမ့်ထွက်သည့်နေရာသည် ရေကူးသူများ၊ ရေငုပ်သူများ၊ လှေလှော်သူများ၊ ငါးဖမ်းသူများလာရောက်အပန်းဖြေလေ့ရှိသောနေရာဖြစ်ကြောင်း သိရသည်။ **Ref: RT**

### တဲအဗစ်မြို့၌ ပြည်သူထောင်ပေါင်းများစွာက ဂါဇာစစ်ပွဲအဆုံးသတ်ရေးအတွက် ဆန္ဒပြတောင်းဆို

အစ္စရေးနိုင်ငံ တဲအဗစ်မြို့၌ ပြည်သူထောင်ပေါင်းများစွာသည် ဂါဇာစစ်ပွဲကိုအဆုံးသတ်ရေးအတွက် အစိုးရကိုဆန္ဒပြတောင်းဆိုမှုများ လုပ်ဆောင်ကြောင်း သိရသည်။

အစ္စရေးအစိုးရက ဂါဇာမြို့ကိုပင်သိမ်းပိုက်ကာ စစ်ဘောင်ကိုချဲ့မည်ဟု ဆုံးဖြတ်ချက်ချပြီးနောက် ဩဂုတ်လ ၉ ရက်တွင် ပြည်သူထောင်ပေါင်းများစွာက ယခုကဲ့သို့ ဆန္ဒပြမှုများလုပ်ဆောင်လာခြင်းဖြစ်သည်။

အစ္စရေးအစိုးရ၏ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်ကြောင့် ဂါဇာကိုထပ်မံကျူးကျော်မှုနှင့်အတူ ဓားစာခံများအသက်ဆုံးရှုံးရပါက ဝန်ကြီးချုပ်နေတန်ယာဟုကို ပြည်သူများက ကျေနပ်မှုရှိမည်မဟုတ်ကြောင်းဆန္ဒပြသူတစ်ဦးကပြောသည်။

အလားတူ အစ္စရေးအစိုးရ၏ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အစ္စရေး၏မိတ်ဖက်နိုင်ငံများကလည်းကန့်ကွက်ပြီး ဆွေးနွေးမှုများသာလုပ်ဆောင်ရန် တိုက်တွန်းထားကြောင်းသိရသည်။ **Ref: BP**

### ထိုင်းက ကမ္ဘောဒီးယားနှင့်နယ်စပ်ရှိ အရှည် ၉ ကီလိုမီတာကျော်ကို သံဆူးကြိုးကာရံ

ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့်နယ်စပ်ရှိ အရှည် ၉ ကီလိုမီတာကျော်ကို သံဆူးကြိုး ကာရံခြင်းလုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။


ယခုကဲ့သို့ သံဆူးကြိုးကာရံခြင်းသည် ကမ္ဘောဒီးယားနိုင်ငံမှ တရားမဝင်အလုပ်သမားများ၊ အွန်လိုင်းလိမ်လည်မှုလုပ်သူများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများဝင်လာခြင်းမရှိစေရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ထိုင်းတပ်မတော်က ထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံမှတပ်မတော်သားများသည် ဩဂုတ်လ ၉ ရက်မှစ၍ သံဆူးကြိုးကာရံခြင်းကိုလုပ်ဆောင်ခြင်းဖြစ်ပြီး ဩဂုတ်လ ၁၀ ရက်တွင် ထိုလုပ်ငန်းပြီးဆုံးခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ယခုသံဆူးကြိုးကာရံသည့်နေရာသည် ရာဇဝတ်သမားများ မကြာခဏအသုံးပြုသောနေရာဖြစ်ကြောင်း၊ ရာဇဝတ်သမားများမှာ အဖမ်းခံရခြင်းမရှိစေရန် နည်းလမ်းမျိုးစုံသုံး၍ရှောင်ရှားလာသောကြောင့် ယခုကဲ့သို့လုပ်ရခြင်းဖြစ်ကြောင်း သိရသည်။ **Ref: TN**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





**ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်**

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းမြို့နယ်များရှိ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ဆန်နှင့် ဆီ ပေးအပ်



**ရန်ကုန် သြဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များသို့ ဆန်နှင့်ဆီ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနခန်းမတို့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားများ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ကြရာ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အဌမအကြိမ်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မီးသတ်စခန်းအနီး ညောင်တုန်းလမ်းတစ်လျှောက်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ခရေပင် ၉၀၀ နှင့် တည်ပင် ၇၂၀ ကို စိုက်ပျိုးကြသည်။

ထို့နောက်လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မီးသတ်စခန်းတွင် မီးသတ်ယာဉ်စက်များ အသင့်ထားရှိမှု၊ လူအသင့်၊ စက်အသင့်၊ ရေအသင့်၊ ဆီအသင့် သင့်(၄)သင့်နှင့် မြန် (၃)မြန် ဆောင်ရွက်ထားရှိမှုနှင့် စခန်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အောင်ဇေယျတံတားအဆင်း အုတ်စီရေမြောင်း ဆောင်ရွက်နေမှုနှင့်လှိုင်မြစ် မြစ်ထွက်ပေါက် မြေအောက်ရေမြောင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အချိန်တိုအတွင်းပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းနယ်နိမိတ်များမှန်ကန်စေရေး မြေပုံ၊ မြေပြင် စနစ်တကျတိုက်ဆိုင်စစ်ဆေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ သြဂုတ်လ

| | |
|---|---|
| ပထမပတ် | - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် သြဂုတ် ၁၀**

ယနေ့မွန်းလွဲ ၁ နာရီ ၀၂ မိနစ် ၄၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၈၃ မိုင်ခန့် ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ကိုကိုးကျွန်း၏ အနောက်-အနောက်မြောက်ဘက် ၄၁ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၄ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၇၈ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၌ ဓားထိုးမှုဖြစ်ပွားခဲ့သဖြင့် အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိမှုမှ ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသားတစ်ဦးအား ၎င်း၏ဇနီးဖြစ်သူနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် သြဂုတ် ၁၀**

၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၅ ရက်နေ့ ညနေ ၄ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄) ရပ်ကွက်နေ ဒေါ်စမ်းစမ်းအေး(၅၉)နှစ်သည် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ ဦးလတ်ခန်အရေ(၃၀)နှစ်နှင့်အတူ ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာမှ နေအိမ်သို့ ပြန်ရန် မြန်မာပလာဇာအောက်ထပ် ကားပါကင်၌ရပ်ထားသည့် ကားအနီးသို့ ရောက်ရှိစဉ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)မှ ဓားဖြင့် ဝိုင်းဝန်းထိုးခုတ်ကာ ထွက်ပြေးသွားခဲ့သဖြင့် ဒေါ်စမ်းစမ်းအေးတွင် ဓားဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးလတ်ခန်အရေတွင် ဓားဒဏ်ရာများရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဗဟန်းမြို့မရဲစခန်း၌(ပ)၁၉၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

အမှုမှပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေးအတွက်လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ တရားခံ ၂ ဦးမှာ မြန်မာပလာဇာသို့ YGN-43 1I/1190 Toyota Vitz အမျိုးအစား ခဲရောင်ယာဉ်ဖြင့် သြဂုတ်လ ၅ ရက်နေ့ မွန်းလွဲ ၁ နာရီ ၅၇ မိနစ်အချိန်တွင် ရောက်ရှိလာပြီး B2 ကားပါကင်တွင်ရပ်ထားခဲ့ကြောင်း၊ သေဆုံးသူ ဒေါ်စမ်းစမ်းအေး စီးနင်းလာသည့် YGN-13 4M-8749 Toyota Harrier အဖြူရောင်ယာဉ်သည် မွန်းလွဲ ၂ နာရီ ၂ မိနစ်အချိန်တွင် ရောက်ရှိလာပြီး B2 ကားပါကင် A ဇုန်အနီးတွင်ရပ်တန့်၍ ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ ၂ ဦးသည် မော်တော်ယာဉ်ပေါ်မှဆင်းပြီး မြန်မာပလာဇာပေါ်သို့ တက်သွားခဲ့ကြောင်း၊ တရားခံ ၂ ဦး စီးနင်းလာသည့် မော်တော်ယာဉ်သည် ဒေါ်စမ်းစမ်းအေး စီးနင်းလာသည့် မော်တော်ယာဉ်အနီးသို့ ပြောင်းလဲရပ်တန့်ခဲ့ပြီးနောက် ညနေ ၄ နာရီ ၂၇ မိနစ်အချိန်တွင် ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ ၂ ဦးသည် မြန်မာပလာဇာပေါ်မှ ဆင်းလာပြီး ၎င်းတို့ ကားရပ်ထားသည့်နေရာသို့သွားရောက်စဉ် တရားခံ ၂ ဦးမှ ကားပေါ်မှဆင်းပြီး ဒေါ်စမ်းစမ်းအေးအား ဓားဖြင့်ထိုးခဲ့ကြောင်း၊ ဦးလတ်ခန်အရေမှ ပြန်လည်ခုခံသဖြင့် တရားခံ ၁ ဦးမှ ဝင်ရောက်ထိုးကြိတ်ခဲ့ကြောင်း၊ တရားခံ ၂ ဦးသည် အခင်းဖြစ်နေရာမှ မြန်မာပလာဇာရှေ့ ကမ္ဘာအေးဘုရားလမ်းပေါ်သို့ ထွက်ပြေးကာ တက္ကစီယာဉ်အမှတ် YGN-33 FF-1233 Toyota Caldina အဖြူရောင်ယာဉ်အား ငှားရမ်းပြီး ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်သွားကြောင်း၊ YGN-33 FF-1233 Toyota Caldina ယာဉ်မောင်းအား စစ်ဆေးခဲ့ရာ အဆိုပါတရားခံ ၂ ဦးအား အင်းစိန်မြို့နယ်၊ ပြည်လမ်း ၁၀ မိုင်ကုန်းကားမှတ်တိုင်အနီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ တရားခံ ၂ ဦး၏ CCTV မှတ်တမ်းအား ဒေါ်စမ်းစမ်းအေး၏ သမီးဖြစ်သူ မပိုပိုအိန္ဒြာချစ်အား ပြသမေးမြန်းခဲ့ရာ တစ်ဦးမှာ မိခင်ဖြစ်သူနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းအတူလုပ်ကိုင်ပြီး မိခင်ဖြစ်သူအား အကြွေးပေးရန်ရှိသူ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ INNO City တွင် တည်းခိုနေထိုင်သူ မြတ်သူရကျော်(၃၁)နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ သြဂုတ်လ ၆ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မြစ်ငယ်-ထုံးဘိုလမ်းခွဲ မြို့မအဝင်ဂိတ်တွင် ၎င်း၏ဇနီးဖြစ်သူ မအေးစုအိစံ(ခ)ဘေဘီ(၂၆)နှစ် (ဘ)ဦးဝင်းချို အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သိပ္ပံ(၉)လမ်း၊ Royal Thiri ကွန်ဒို၊ အမှတ်(၆၀၈)နေသူနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ မြတ်သူရကျော်အား စစ်ဆေးချက်အရ ၎င်းသည် သေဆုံးသူ ဒေါ်စမ်းစမ်းအေးအား ပေးရန်အကြွေးများရှိသဖြင့် ငွေကြေးလိုအပ်ချက်များကြောင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်သူ အမျိုးသားတစ်ဦး(စိစစ်ဆဲ)အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# အိမ်မဲမြို့တွင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ရေးရာဟောပြောပွဲကျင်းပ

**အိမ်မဲ သြဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် တကောကျေးရွာ အ-ထ-က (ခွဲ)တကောကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသော သြဂုတ်လ ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ရေးရာဟောပြောပွဲကို ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် အ-ထ-က (ခွဲ) တကောကျောင်းအုပ်ဆရာမကြီး ဒေါ်ရည်မွန်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဒွေးဒွေးလှိုင်က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အကြောင်းနှင့် လူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာရမည့်အကြောင်းများကိုလည်းကောင်း၊ လူငယ်ရေးရာကော်မတီအတွင်းရေးမှူး၊ မြို့နယ်အားကစားမှူး ဒေါ်စုမြတ်သဲက လူငယ်နှင့်အားကစား၊ အားကစားနည်း (၄)မျိုးအကြောင်းတို့ကိုလည်းကောင်း ဟောပြောခဲ့ကြကာ အဆိုပါကျောင်းအတွက် အားကစားပစ္စည်းများကိုလှူဒါန်းသည်။

အဆိုပါဟောပြောပွဲသို့ အ-ထ-က(ခွဲ) တကောကျောင်းမှကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ဩဂုတ်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခွဲခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ပိုစတာ/ပန်းချီပြိုင်ပွဲကျင်းပ



**ကော့သောင်း ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အလယ်တန်းနှင့်အထက်တန်းအဆင့် စာစီစာကုံးနှင့် ပိုစတာ/ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ အလယ်တန်းနှင့်အထက်တန်းအဆင့် စာစီစာကုံးနှင့် ပိုစတာ/ပန်းချီပြိုင်ပွဲများဆောင်ရွက်ရာတွင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက “ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ပြုမူပါ”ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက “ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ် သတိပြုကာတို့ကာကွယ်” ခေါင်းစဉ်တို့ဖြင့်လည်းကောင်း စာစီစာကုံးဖြေဆိုခဲ့ကြပြီး အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် “ကိုယ်လက်လှုပ်ရှားအားကစား” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ပိုစတာပြိုင်ပွဲတွင် “ကျန်းမာရေးအဆင့်မြှင့်ဖို့ကွယ် တို့တွေပူးပေါင်းဆောင်ရွက်မယ်” ခေါင်းစဉ်တို့ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ပြိုင်ပွဲတွင် ကော့သောင်းမြို့နယ် အခြေခံပညာကျောင်းများမှ အထက်တန်းစာစီစာကုံးဖြေဆိုသူ ၁၉ ဦး၊ အလယ်တန်းစာစီစာကုံးဖြေဆိုသူ ၁၂ ဦး၊ အထက်တန်းပိုစတာပြိုင်ပွဲဝင်သူ ၁၄ ဦး၊ အလယ်တန်းပန်းချီပြိုင်ပွဲဝင်သူ ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသား ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၌ ဩဂုတ်လ ၈ ရက်နေ့က ဆိုင်ကယ်လုယက်မှုကျူးလွန်သူ အမျိုးသား ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၈ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် စဉ့်ကိုင်မြို့နယ်၊ စိုက်ပျိုးရေးကျေးရွာနေ ကိုသန့်ဇင်ဖြိုး (၂၃)နှစ်သည် ကျေးရွာမှ ၎င်းပိုင်ဆိုင်သော MDY-57W/20689 Honda Click ဆိုင်ကယ်ဖြင့် ရွာသာရွာကျေးရွာအနီးရှိ မြလိပ်တောင်ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသော အဘွားဖြစ်သူ ဒေါ်ဆန်းမြင့်အားခေါ်ဆောင်ရန် ရွာသာရွာကျေးရွာနှင့်စိုက်ပျိုးရေးကျေးရွာသွား တောင်ခြေလမ်းအတိုင်း သွားရောက်စဉ် တောင်ခြေလမ်းအဝင်အရောက် အမည်မသိအမျိုးသား ၂ ဦးအားတွေ့ရှိရပြီး ၎င်းတို့အနက် အမျိုးသား ၁ ဦးမှ ကိုသန့်ဇင်ဖြိုး စီးနင်းလာသော ဆိုင်ကယ်၏ ယာဘက်ရှေ့ခေါင်းပိုင်းအား ခြေထောက်ဖြင့်ကန်ရာ ကိုသန့်ဇင်ဖြိုးမှာ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်နှင့်အတူ လဲကျသွားစဉ် တောအတွင်း၌ပုန်းအောင်းနေသော အမည်မသိ အမျိုးသား ၂ ဦး ထပ်မံရောက်ရှိလာပြီး ၎င်းတို့ ၄ ဦးမှ ကိုသန့်ဇင်ဖြိုး စီးနင်းလာသည့် တန်ဖိုးငွေ(၇၀၀၀၀၀၀)ရှိ MDY-57W/20689 Honda Click ဆိုင်ကယ် (၁)စီး၊ တန်ဖိုးငွေ(၁၀၅၀၀၀၀)ရှိ ရွှေလက်စွပ် (၁)ကွင်းတို့အားယူဆောင်၍ ၎င်းတို့ ၄ ဦး စီးနင်းလာသည့် ဆိုင်ကယ်(၁)စီးနှင့်အတူ စိုက်ပျိုးရေးကျေးရွာဘက်သို့သွားသည့် လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားခဲ့သည်။



စဉ့်ကိုင်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသား ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားမှုအပေါ် ကိုသန့်ဇင်ဖြိုး၏ သတင်းပေးတိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာအား ရောက်ရှိစစ်ဆေးခြင်း၊ တရားခံများ ထွက်ပြေးသွားရာဘက်သို့ လိုက်လံစုံစမ်းဖော်ထုတ်ခြင်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာ မီးသွေးဘုတ်ကျေးရွာအနီးအရောက်တွင် သမီးရည်းစားစုံတွဲ ၁ တွဲထံမှ ဆိုင်ကယ်အား ထပ်မံလုယက်နေသည်ကို တွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်ရှိပြည်သူများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား ၁ ဦး အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းရပ်ကွက်နေ သက်ပိုင်ဦး (ခ)ပိုင်ကြီး(၁၉)နှစ်အား ဖမ်းဆီးရမိခဲ့ပြီး ကျန်အမျိုးသား ၃ ဦးမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကျွဲနဖားကျေးရွာအနီးအရောက်တွင် အမရပူရမြို့နယ်၊ တောင်တမန်ကျေးရွာနေ ထိန်လင်းနိုင်(ခ)အာကြီး (၂၆)နှစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်နေ မျိုးသင်(ခ)ကုလား (၁၆)နှစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်နေ ကျော်မိုးမြင့်(၂၃)နှစ်တို့အား ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူ ထိန်လင်းနိုင်(ခ)အာကြီး (၂၆)နှစ်၊ မျိုးသင်(ခ)ကုလား(၁၆)နှစ်၊ သက်ပိုင်ဦး (ခ) ပိုင်ကြီး(၁၉)နှစ်နှင့် ကျော်မိုးမြင့်(၂၃)နှစ်တို့အား စဉ့်ကိုင်မြို့မရဲစခန်း၌(ပ)၁၁၆-၁၁၇/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂/၁၁၄ ဖြင့် အသီးသီးအမှုဖွင့်စစ်ဆေးလျက်ရှိပြီး ထိရောက်ပြစ်ဒဏ်ရရှိရေးနှင့် အခြားပြစ်မှုများဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




**ပျောက်ဆုံးကြောင်း**

ခင်နုနု(ဘ)ဦးချစ်စိန် ၇/ပတန(နိုင်)၀၄၄၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၆၆၀၆၆၅

**ပျောက်ဆုံးကြောင်း**

သိန်းထိုက်အောင်(ဘ)ဦးကျော်မောင်၈/ပဖန(နိုင်)၁၁၆၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(M 319557)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၆၁၂၄၇၈

**ပျောက်ဆုံးကြောင်း**

မောင်လှမင်း(ဘ)ဦးသန်းတင်၁၂/ဥကမ(နိုင်)၁၉၆၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇော်လတ်(ဘ)ဦးဝင်းဦး ၁၄/ဝခမ(နိုင်)၂၇၄၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 146189)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့်
အရာထမ်း၊ အမှုထမ်းများ

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊
ဝန်ထမ်းမိသားစုများ
နေပြည်တော်ကောင်စီ

**ပျောက်ဆုံးကြောင်း**

ငြိမ်းချမ်းအောင်(ဘ)ဦးဝေဖြိုးသူ ၇/သနပ(နိုင်)၁၅၈၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နန်းမိုခမ်းလှိုင်(ဘ)ဦးစိုင်းကျော်စံ ၁၃/သနန(နိုင်)၀၄၄၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MB 547519)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ထွဋ်အောင်အေး(ဘ)ဦးအောင်သောင်း ၁၂/လသယ(နိုင်)၁၀၅၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 549880)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၆၆၉၄၇၉

**ပျောက်ဆုံးကြောင်း**

မရှင်းမွန်ဖြူ(ဘ)ဦးဝင်းထွန်း(ခ)ချိုတူး ၅/ကလထ(နိုင်)၂၉၈၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၉၉၁၇၀၂၉

**ပျောက်ဆုံးကြောင်း**

မဇွန်သက်(ဘ)ဦးမင်းညွန့် ၉/ပဥလ(နိုင်)၀၅၃၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 551817)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၆၁၁၃၂

**ပျောက်ဆုံးကြောင်း**

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်-ဟ-၅၁ မယန်ကျုံရှင်(ဘ)ဦးရန်ချန်ရင် ၃/မဆတ(နိုင်)၀၃၂၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 021997)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၆၁၁၃၂

**ပျောက်ဆုံးကြောင်း**

ရေတာရှည်မြို့နယ်နေ ဦးကျော်လှိုင်ဦး(ဘ)ဦးအောင်ကြည် ၇/ရတရ(နိုင်)၀၇၇၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

# ကြံခင်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်မောင်မယ် ခုနစ်ဦးအား ဂုဏ်ပြုကြိုဆို ဆုချီးမြှင့်ပွဲကျင်းပ




ကြံခင်း ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်မောင်မယ် ခုနစ်ဦးအား ဂုဏ်ပြုကြိုဆို ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ချင်းမြောင်)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ လူရည်ချွန်မောင်မယ် ခုနစ်ဦးအား လဲ၀ါကျောင်းတိုက်ဆရာတော်၊ မြန်အောင်ခရိုင်ပညာရေးမှူး ဦးမြင့်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ (အဖွဲ့ဝင်) ဗိုလ်မှူးသောင်းထွဋ်လွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေငွေ၊ ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးတင့်၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုငွေပန်းစည်း၊ ဂုဏ်ပြုပန်းကုံးတို့ဖြင့် ကျောင်းအဝင်လမ်းတစ်လျှောက်တွင် ကြိုဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ ပညာရတနာခန်းမ၌ ဂုဏ်ပြုပွဲအခမ်းအနားကိုကျင်းပရာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ချင်းမြောင်)ကျောင်းမှ အလယ်တန်းကျောင်းသား၊ ကျောင်းသူလေးများက"အနာဂတ်လူရည်မွန်"သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြန်အောင်ခရိုင်ပညာရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ငွေငွေတို့က ဂုဏ်ပြုပီတိစကားများ ပြောကြားသည်။ ထို့နောက် (၁၉၆၄-၁၉၈၈)လူရည်ချွန်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်(တက္ကသိုလ်စိုးစံ)က လူရည်ချွန်ဘဝအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကြံခင်းအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ Grade-10 နှင့် Grade-12 တို့တွင် လူရည်ချွန်နှစ်ကြိမ်တိုင်တိုင်ရရှိသော မောင်စစ်သွေးညီ၊ Grade-11 နှစ်ထပ်ကွမ်း လူရည်ချွန် မအိမ့်ချစ်သဲ၊ Grade-10 လူရည်ချွန် မခွန်းချိုသာဇော်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ချင်းမြောင်)ကျောင်းမှ Grade-10 နှင့် Grade-12 လူရည်ချွန် နှစ်ကြိမ်တိုင်တိုင်ရရှိသော မမြတ်ထူးထူးနိုင်၊ Grade-9 လူရည်ချွန် မောင်သော်ဇင်လင်း၊ အခြေခံပညာအထက်တန်းကျောင်း(ဘက်ရဲ)မှ Grade-10 လူရည်ချွန် မောင်လင်းလင်းဘုန်းလူ၊ Grade-9 လူရည်ချွန် မယောဟဏီသွင်တို့အား မြန်အောင်ခရိုင်ပညာရေးမှူး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက အသီးသီး ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ကြံခင်းပြန်/ဆက်)

# ကော့သောင်းမြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ ဆင့်ပွားသင်တန်းများ ဆောင်ရွက်လျက်ရှိ

ကော့သောင်း ဩဂုတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ ဆင့်ပွားသင်တန်းများကို ကော့သောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ အမှတ်စဉ် (၄)ခုဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဒုတိယပတ်အဖြစ် ဩဂုတ်လ ၁၀ ရက်မှ ၁၁ ရက်ထိ နှစ်ရက်တာဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာသင်တန်းတွင် အီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့်ပါဝင်သည့်ဆက်စပ်ပစ္စည်းများ၊ အီလက်ထရောနစ်မဲပေးစက်များစစ်ဆေးခြင်း၊ ရွေးကောက်ပွဲမတိုင်မီ မဲရုံတွင် အီလက်ထရောနစ်မဲပေးစက်များအသုံးပြုရန် ကြိုတင်ပြင်ဆင်ခြင်းနှင့်စမ်းသပ်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ အီလက်ထရောနစ် မဲပေးစက်များကို ကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ခြင်း၊ မဲရေတွက်ခြင်း၊ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မဲပေးစက်အသုံးပြုခြင်းလုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုခြင်းလုပ်ငန်းစဉ်များ၊ သင်တန်းသား၊ သင်တန်းသူများအား လက်တွေ့ကိုင်တွယ်လေ့ကျင့်စေခြင်းစသည့်လုပ်ငန်းစဉ်များ ပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါ ဆင့်ပွားသင်တန်းဖွင့်လှစ်ဆောင်ရွက်နေမှုကို ကော့သောင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နေရာကွက်၍ မိုးကြီးနိုင်

၁၀-၈-၂၀၂၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၀-၈-၂၀၂၅

| | | | | |
|---|---|---|---|---|
| မအူပင် | ၃ | ဒသမ | ၁၉ | လက်မ |
| လှည်းကူး | ၂ | ဒသမ | ၈၇ | လက်မ |
| ပူတာအို | ၂ | ဒသမ | ၆၄ | လက်မ |
| ကျုံပျော် | ၁ | ဒသမ | ၉၇ | လက်မ |
| ပဲခူး | ၁ | ဒသမ | ၅၇ | လက်မ |
| ဇလွန် | ၁ | ဒသမ | ၅၇ | လက်မ |
| ထားဝယ် | ၁ | ဒသမ | ၅၇ | လက်မ |
| မြစ်ကြီးနား | ၁ | ဒသမ | ၄၂ | လက်မ |
| ဝက်ထီးကန်(လေးထပ်ပြင်) | ၁ | ဒသမ | ၃၄ | လက်မ |
| တောင်ငူ(လေကြောင်းမိုးလေဝသ) | ၁ | ဒသမ | ၃၀ | လက်မ |
| အိမ်မဲ | ၁ | ဒသမ | ၃၀ | လက်မ |
| မုဒုံ | ၁ | ဒသမ | ၂၆ | လက်မ |

# ဘာစီလိုနာအသင်းက ဂိုးသမား စတီဂန်ကို အသင်းခေါင်းဆောင်အဖြစ် ပြန်လည်ခန့်အပ်



မက်ဒရစ် ဩဂုတ် ၁၀

ဘာစီလိုနာအသင်းသည် အသင်း၏ ဂိုးသမား စတီဂန်ကို အသင်းခေါင်းဆောင်အဖြစ် ပြန်လည်ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် စတီဂန်သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကျောဒဏ်ရာခွဲစိတ်ကုသမှုနှင့် ပတ်သက်၍ ၎င်းနှင့် ကလပ်အသင်းကြား အငြင်းပွားခဲ့ခြင်းဖြစ်ပြီးနောက် ဘာစီလိုနာအသင်းအနေဖြင့် ၎င်းကို အသင်းခေါင်းဆောင်အဖြစ်မှ ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

သို့သော် စတီဂန်ကို အသင်းခေါင်းဆောင်အဖြစ် ဖယ်ရှားခံရပြီး ၂၄ နာရီအတွင်း နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အသင်းခေါင်းဆောင်အဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။

ဂိုးသမား စတီဂန်သည် ကျောဒဏ်ရာကြောင့် သုံးလခန့်အနားယူရမည်ဟု ပြောကြားခဲ့သည့်အတွက် စပိန်လာလီဂါ၏စည်းမျဉ်းအရ ကလပ်အသင်းမှ ကစားသမားတစ်ဦးအနေဖြင့် အနည်းဆုံး လေးလကြာအနားယူရမည်ဆိုပါက တခြားကစားသမားတစ်ဦးကို မှတ်ပုံတင်ခွင့်ရှိကြောင်း သိရသည်။

ထို့ပြင် မီဒီယာများ၏အဆိုအရ စတီဂန်သည် ၎င်း၏ ဆေးဘက်ဆိုင်ရာအချက်အလက်များကို ကလပ်အသင်းဆေးအဖွဲ့ထံပေးပို့ရန် ငြင်းဆိုထားသော်လည်း ယခုအခါ ၎င်းလက်မှတ်ရေးထိုးထားသည့် ဆေးမှတ်တမ်းများ ပြန်လည်ပေးပို့လာပြီဖြစ်သည်။

ဂိုးသမား စတီဂန်သည် ဘာစီလိုနာအသင်းသို့ ၂၀၁၄ ခုနှစ်က မိုချန်ဂလာဘတ်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ကာ အသင်းအတွက် ပွဲပေါင်း ၄၀၀ ကျော်ပါဝင်ကစားထားကြောင်း သိရသည်။

*Ref; Goal.com*

# ချယ်လ်ဆီးအသင်းတိုက်စစ်ကစားသမား ဘရိုဂျာကို ငါးနှစ်စာချုပ်ချုပ်ဆိုကာ ဘန်လေအသင်းခေါ်ယူ



လန်ဒန် ဩဂုတ် ၁၀

လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာသည့် ဘန်လေအသင်းသည် ချယ်လ်ဆီးအသင်းတိုက်စစ်ကစားသမား ဘရိုဂျာကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘန်လေအသင်းသည် အသက် ၂၃ နှစ်အရွယ် ဘရိုဂျာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၂၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး အသင်းအနေဖြင့် တစ်ပတ်အတွင်း ချယ်လ်ဆီးအသင်းကစားသမားနှစ်ဦးကို စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဘရိုဂျာသည် ချယ်လ်ဆီးအသင်း၌ ၂၀၂၀ ပြည့်နှစ်က စတင်ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၃၈ ပွဲကစားထားရသော်လည်း ပုံမှန်ပွဲထွက်ခွင့်အတွက် ရုန်းကန်နေခဲ့ရသဖြင့် ဆောက်သမ်တန်၊ ဖူလ်ဟမ်နှင့် အဲဗာတန်အသင်းတို့၌ အငှားဖြင့် သွားရောက်ကစားခဲ့ရသည်။

လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်လာခဲ့သည့် ဘန်လေအသင်းသည် ဘောလုံးရာသီသစ်အတွက် ကစားသမား အင်အားဖြည့်တင်းမှုများပြုလုပ်လျက်ရှိကာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား အူဂိုချူကူကိုခေါ်ယူနိုင်ခဲ့ပြီး ယခုအခါ ဘရိုဂျာအပါအဝင် အသင်း၏ကစားသမားသစ်ကိုးဦးအထိ ခေါ်ယူထားနိုင်ခဲ့ပြီဖြစ်သည်။

ဘန်လေအသင်းသည် ဩဂုတ်လ ၁၆ ရက်တွင် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

# တိုက်စစ်မှူးအီဆက်ကို ပရီးမီးယားလိဂ်ဘောလုံးရာသီအဖွင့်ပွဲစဉ်တွင် ထည့်သွင်းအသုံးပြုမည်မဟုတ်ကြောင်း နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟိုဝီ ပြောကြား





လန်ဒန် ဩဂုတ် ၁၀

နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟိုဝီက လာမည့်ပရီးမီးယားလိဂ်ဘောလုံးရာသီ အဖွင့်ပွဲစဉ်တွင် အသင်း၏တိုက်စစ်မှူး အီဆက်ကို ထည့်သွင်းအသုံးပြုမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

နယူးကာဆယ်အသင်းသည် ဩဂုတ်လ ၁၆ ရက်တွင် အက်စတွန်ဗီလာအသင်း၏ အိမ်ကွင်းဖြစ်သည့် ဗီလာပါ့ခ်ကွင်း၌ ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး အီဆက်ကို ထည့်သွင်းကစားမည်မဟုတ်ကြောင်း နည်းပြအက်ဒီဟိုဝီက ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဆက်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့ခွင့်ပြုရန် နယူးကာဆယ်အသင်းထံ တောင်းဆိုထားခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းခွင့်မရရှိသေးဘဲ တစ်ဦးတည်းသာ လေ့ကျင့်နေရကြောင်း သိရသည်။

ထို့ပြင် အီဆက်သည် လီဗာပူးအသင်းထံ ပြောင်းရွှေ့လိုခြင်းဖြစ်ကာ နယူးကာဆယ်အသင်းကလည်း ၎င်းကို အသင်းမှ မထွက်ခွာစေရန် ကြိုးပမ်းနေပြီး လီဗာပူးအသင်း၏ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၂၀ ဖြင့် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့သည်။

နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟိုဝီက အီဆက်သည် အသင်း၏ ရေရှည်စီမံကိန်းတွင် တစ်စိတ်တစ်ပိုင်းပါဝင်နေကြောင်း၊ လက်ရှိတွင် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေခြင်းမရှိသကဲ့သို့ အက်စတွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင်လည်း ၎င်းကို ထည့်သွင်းအသုံးပြုမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြအက်ဒီဟိုဝီက "အီဆက်ကို အသင်းနဲ့အတူ လေ့ကျင့်ခန်းပြန်ဆင်းစေချင်သလို သူ့ကို ကျွန်တော်တို့နဲ့အတူ ရှိနေစေချင်ပါတယ်။ ဒါကတော့ ကျွန်တော့်သဘောပါ။ ဒါပေမဲ့ လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေက ကျွန်တော်နဲ့မပတ်သက်ပါဘူး။ အက်စတွန်ဗီလာအသင်းနဲ့ အဖွင့်ပွဲစဉ်မှာ လက်ရှိအခြေအနေတွေ ပြောင်းလဲလာဖို့မရှိပါဘူး"ဟု ပြောကြားခဲ့သည်။

ထို့ပြင် နည်းပြ အက်ဒီဟိုဝီသည် တိုက်စစ်မှူး အီဆက်၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ ၎င်းတို့ကြား လေ့ကျင့်ရေးကွင်း၌ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ထားပြီးဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# ရီးယဲလ်မက်ဒရစ်အသင်းက လူငယ်တိုက်စစ်မှူး ဂါဇီယာကို သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆို

မက်ဒရစ် ဩဂုတ် ၁၀

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်း၏ တိုက်စစ်မှူး ဂါဇီယာကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ် တိုက်စစ်မှူး ဂါဇီယာကို ရီးယဲလ်မက်ဒရစ်အသင်းက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၁၀၀၀ အထိထည့်သွင်းကာ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၎င်းကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂါဇီယာသည် ပြီးခဲ့သည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လေးဂိုးသွင်းယူခဲ့ပြီး အသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့သည့်အပြင် လစ်လပ်နေသည့် အသင်း၏တိုက်စစ်မှူးဟောင်း ဟိုဆေးလူ၏နေရာတွင် အဓိကစွမ်းဆောင်နိုင်မည်ဟု ရီးယဲလ်မက်ဒရစ်အသင်းက ယုံကြည်နေသည်။

ထို့ပြင် ဂါဇီယာသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဂိုးသွင်းအများဆုံးကစားသမားဆုတွင် ဒီမာရီယာ၊ ဂီဟာဆီ၊ လီယိုနာဒိုတို့နှင့် သွင်းဂိုးလေးဂိုးစီတူညီနေသော်လည်း ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်၍ အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ဂါဇီယာသည် ရီးယဲလ်မက်ဒရစ် အရန်အသင်း၏ လူငယ်တိုက်စစ်မှူးဖြစ်ပြီး အသင်းကြီးတွင် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှ စတင်ပါဝင်ကစားခဲ့သူဖြစ်ကာ ၎င်းက ယခုဘောလုံးရာသီသစ်တွင် ကျောနံပါတ် (၁၆)ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# ကျွန်းလှမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်

ကျွန်းလှ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျွန်းလှမြို့ "ဟိန်း" ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက "လှမ်းလာခဲ့ပါ ဟိန်းကျောင်းတော်သာ" သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် (၁) ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်း၊ ခရိုင်ပညာရေးမှူး တာဝန်ခံ ဒေါ်နွယ်နီဝင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီးက တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်နှင့် ကျောင်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝိဇ္ဇာဘာသာတွဲတွင် နိုင်ငံတော်အဆင့်ရရှိသူ တစ်ဦး၊ ဝိဇ္ဇာဘာသာတွဲတွင် တိုင်းဒေသကြီးအဆင့် ရရှိသူနှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦးနှင့် နိုင်ငံတော်အဆင့် လူရည်ချွန် ရွေးချယ်ခံရသူ နှစ်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးကြသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မောင်ဟိန်းမင်းထွဋ်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုကပြကြကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

| ထူးခြားသည့် နေ့အပူချိန်များ (၁၀-၈-၂၀၂၅) | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည်(လွန်ကျော်) | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

# ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲ နဂါးလှေလှော်ပြိုင်ပွဲ၌ မြန်မာအသင်းဆုတံဆိပ်များနှင့်လွဲချော်


ရန်ကုန် ဩဂုတ် ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ဩဂုတ်လ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲ၏ နဂါးလှေလှော် (2025 The World Games Dragon Boat)ပြိုင်ပွဲတွင် မြန်မာနိုင်ငံနဂါးလှေလှော်အသင်းသည် ယနေ့ယှဉ်ပြိုင်သည့် ဗိုလ်လုပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များလွဲချော်ခဲ့သည်။


အဆိုပါ ဗိုလ်လုပွဲပြိုင်ပွဲများတွင် မြန်မာလှေလှော်အားကစားအဖွဲ့သည်အမျိုးသား+အမျိုးသမီး ၁၀ တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ ပြိုင်ပွဲ၊ Open ရှစ်တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ရာ အဆင့်လေးနှစ်ခု၊ အဆင့်ငါး၊ အဆင့်ခုနစ်နှင့် အဆင့်ကိုးဖြင့်သာ ကျေနပ်ခဲ့ရပြီး အင်ဒိုနီးရှားက ရွှေသုံးခု၊ ယူကရိန်းက ရွှေနှစ်ဆု၊ ထိုင်းက ရွှေတစ်ခု အသီးသီးရရှိခဲ့ကြသည်။

ယင်းနဂါးလှေလှော်ပြိုင်ပွဲသို့ အိမ်ရှင်တရုတ်၊တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ကမ္ဘောဒီးယား၊ ယူကရိန်း၊ ဟန်ဂေရီ၊ စပိန်၊ ချက် အစရှိသည့် နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံမှ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းဦးဆောင်ပြီး တာဝန်ရှိသူများနှင့်အတူ လှေလှော်အားကစားသမား အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း အားကစားသမား ၁၂ ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု။

● **ကျောဖုံးမှအဆက်**

လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၈ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဟားခါးမြို့သို့ သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၈၂၄၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၅၈၂၄၆)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၈ ရက်နှင့် ၉ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် သံပိုက်လုံး (၁၉)လုံး အပါအဝင် ဆက်စပ်ပစ္စည်း(၇၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၂၇၂၀၀၀)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လူသုံးကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၉၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့၊ အလုံစစ်ပင်ရပ်ကွက်၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် လွှဝိုင်းခုံ (၁)ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၃၉၁၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၈ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည် (၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ကောက် (၁၅၃)ကွင်း၊ လူသုံးကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၇၄၀၀၀၀)ကိုလည်းကောင်း၊ **ဩဂုတ်လ ၉ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၉၆၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၇၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Dutro Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၈၅၉)တန်၊ အခြားသစ် (၃ ဒသမ ၁၂၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၂၀၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၁၀၆၀၄၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**အလားတူ ဩဂုတ်လ ၉ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၉)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃၆)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၈၉၅၂၈၆)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာအုပ်စာစောင်ပြပွဲကျင်းပ

**ကန့်ဘလူ ဩဂုတ် ၁၀**


စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာအုပ်စာစောင်ပြပွဲကို ဩဂုတ်လ ၉ ရက်က ရဲမာန်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကလေးအလုပ်သမားဆိုင်ရာအချက်အလက်များ၊ ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းရင်းများ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ဆင်းရဲသည့်မိသားစုများအတွက် ပိုမိုကောင်းမွန်သည့် လူမှုစီးပွားဘဝများရရှိစေရန် ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကလေးအလုပ်သမားများ လျှော့ချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ဆက်သွယ်ရေးလိမ်လည်မှုသဘောတရားများကို ကျောင်းသား၊ ကျောင်းသူများသိရှိပြီး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးစာအုပ်၊ စာစောင်များနှင့် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# မြန်မာ့သိုင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဆုရရှိခဲ့သည့် အားကစားမောင်မယ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်းနှင့် စွယ်စုံတံခွန်စိုက်ဆုအပ်နှင်းခြင်းအခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဆုရရှိခဲ့သည့် မြို့နယ်ဂုဏ်ဆောင် အားကစားမောင်မယ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်းနှင့် စွယ်စုံတံခွန်စိုက်ဆု အပ်နှင်းခြင်းအခမ်းအနားကို ဩဂုတ်လ ၁၀ ရက်တွင် မင်္ဂလာဒုံမြို့နယ်၌ ကျင်းပသည်။

ရှေးဦးစွာ သန်းကြွယ်ကမ္ဘာကုမ္ပဏီလီမိတက် သိန်းသန်းစက်မှုလက်မှု (၇၇၇) ခြေတု-လက်တုလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အားကစားသမားများက သိုင်းစွမ်းရည်သရုပ်ပြကြသည်။

ယင်းနောက် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော အားကစားသမားများကို ဂုဏ်ပြုဆုများအသီးသီးပေးအပ်ကြပြီး အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများက စွယ်စုံတံခွန်စိုက်ဆုဖလားအား မင်္ဂလာဒုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးထံ ပေးအပ်ကြသည်။

ဆက်လက်၍ ဒဂုံမင်းစစ်နိုင်သိုင်းအဖွဲ့ချုပ် ဆရာကြီးဦးစိန်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇာဝေက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# ကော့သောင်းမြို့နယ် စိုင်ဒင်းကျေးရွာ၌ RBF စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဩဂုတ် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘန်းကချွန်ကျေးရွာအုပ်စု စိုင်ဒင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ခွင့်ပြုငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၁၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန္ဒာဝင်းနှင့် တာဝန်ရှိသူများသည် စိုင်ဒင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် တိုးတက်ရေးအဖွဲ့မှ ဝက်သားပေါက်မွေးမြူထားရှိမှု၊ တိုးတက်အောင်အဖွဲ့နှင့် အောင်ပြည့်စုံအဖွဲ့တို့မှ ရော်ဘာပြားဝယ်ယူရောင်းချနေမှု၊ ကြံတိုင်းအောင်အဖွဲ့မှ ကွမ်းသီးရောင်းဝယ်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင်ကြိုးစားဆောင်ရွက်ကြရန်နှင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

စိုင်ဒင်းကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် အစုအဖွဲ့လေးဖွဲ့မှ မိသားစုဝင်ငွေတိုးလုပ်ငန်းများကို RBF စီမံကိန်းခွင့်ပြုငွေ ငွေကျပ် သိန်း ၃၀၀ နှင့် အစုအဖွဲ့ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# ပွင့်ဖြူမြို့နယ်၌ မိုးကြိုပဲတီစိမ်းဧက ၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းများကောင်းမွန်

**ပွင့်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးကြိုကာလတွင် စိုက်ပျိုးထားသော ပဲတီစိမ်းဧက ၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းကောင်းမွန်သဖြင့် တောင်သူများ ဝင်ငွေတိုးပွားကာ အဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးကြိုကာလတွင် ပဲတီစိမ်း ၆၃၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၆၂၃၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၁၉ ဒသမ ၄ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်း ၆၃၉၁ ဧက စိုက်ပျိုးထားပါတယ်။ ဇူလိုင်လ ပထမပတ်ကစပြီး ရိတ်သိမ်းခဲ့တာ ၆၂၃၉ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ အထွက်နှုန်းကောင်းမျိုးတွေကို စိုက်ပျိုးကြဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းကြဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်။ ဒီနှစ်မှာ ပဲတီစိမ်းစိုက်ခင်းတွေ ပိုးမွှားကျရောက်မှုမရှိတာကြောင့် အထွက်နှုန်းကောင်းမွန်ပြီး တောင်သူတွေ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ သီးနှံအချိန်မီရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီးသီးနှံများ စနစ်တကျသိုလှောင်သိမ်းဆည်းရေး စသည့်စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၀၊ ၀၉ ၆၆၆၀၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


THE BEST QUALITY TYRE
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ
ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
A.I.B.A
GOLD MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019

❖ မိမိတို့၏မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့် အစီအမံများ ချမှတ်နိုင်ရန်လို . . .

❖ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသောနယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ် . . .

❖ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့်ကမ္ဘာ့အစီအစဉ်သစ် (New World Order)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများလုပ်ကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း နှစ်ပွဲဆက်အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၀

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို ယနေ့တွင် ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နှစ်ပွဲဆက် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အနိုင်ရသဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားသော်လည်း လက်ရှိချန်ပီယံ ဖိလစ်ပိုင်အသင်းက ဩစတြေးလျကို အရေးနိမ့်ခဲ့သဖြင့် နောက်ဆုံးပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ်ရရှိရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း တီမောအသင်း၏ ခံစစ်ကစားပုံကြောင့် ဂိုးရရန်

စာမျက်နှာ ၇ ကော်လံ ၄ ❒



## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ■

## မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသား ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာ - ၂၆ သို့

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၇ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၇၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်

စာမျက်နှာ ၂၉ ကော်လံ ၁ ●







ကရင်ပြည်နယ်၌ဖမ်းဆီးရမိမှု။

